# ဘုရားသခင်၏နက်နဲမှုကို ခရစ်တော်အားဖြင့်ဖော်ပြသည်။

ဂျက်ဖာဆွန်ဘောလီး၊ အင်ဒီယားနား၊ အမေရိကန်။

၆၃ - ၀၇၂၈

1 ၁။ ညီကိုနဘေးလ်ကို ကျေးဇူးတင်ပါသည်။ ဘုရားသခင် ကောင်းကြီးပေးပါစေ။ ကျေးဇူးပြု၍ ခေါင်းငုံ့ပြီးဆုတောင်းသောအချိန်တွင် မတ်တပ် ရပ်ပေးပါ။

2 ၂။ မေတ္တာဂရုဏာရှင်ဖြစ်သော ကောင်းကင်ဘုံရှင် အဘဘုရားသခင် ဤမနက် ကိုယ်တော်ရှင်၌ ကျွနု်ပ်တို့ဆက်ကပ်ပါ၏။ သန့်ရှင်းသောဝိညာဉ်တော်၏ ကွယ်ကာလမ်းပြခြင်းနှင့် ကွယ်ကာခြင်းကို ကျွန်ုပ်တို့ပေါ်သို့သက်ရောက်စေသည့်အ တွက် ကျေးဇူးတင်ပါသည်။ ကိုယ်တော်ရှင်၏သန့်ရှင်းသော နှုတ်ကပတ်တော် သိရှိနားလည်ဘို့ရန်နှင့်ကျွနု်ပ်တို့၏အချိန် ကိုယ်တော်ရှင်အတွက် အချိန်ပေး တတ်ဘို့ရန် ကိုယ်တော်ရှင်ကျေးဇူးတော်၏လမ်းပြပို့ဆောင်မှုကို ကျွနု်ပ်တို့လို အပ်ပါ၏။ ကိုယ်တော်ရှင်၏နက်နဲသော နှုတ်ကပတ်တော်ကိုနားလည်ဘို့ရန် ကျွနု်ပ်တို့၏လျှာနှင့်နှုတ်၊ ကျွနု်ပ်တို့၏နှလုံးသားများကို သန့်ရှင်းစေတော်မူပါ။ ကိုယ်တော်ရှင် မနှစ်သက်သော ပြောဆိုမှုလည်း တားပေးတော်မူပါ။ကိုယ်တော် ရှင်သည် နှုတ်ကပတ်တော်၌တည်၏။ ထို့ကြောင့် နှုတ်ကပတ်တော် ဖွင့်ပြချက်ကို နားလည်စေပါ။

ထို့ကြောင့် ယခုဤလူနည်းစု အနည်းငယ်ကို အခြားသောတိုင်းပြည်သို့ခေတ္တ ခဏထွက်ခွါသွားမည် ဖြစ်ပါသည်။ ကျန်ခဲ့သော ယုံကြည်သူများသည် ကျွနု်ပ် ၏ကိုယ်တစ်ခြမ်းဖြစ်ပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်နှင့် နှုတ်ကပတ် တော်ဖြင့် ချည်နှောင်လျက် ရှိပါသည်။ ထို့ကြောင့်ထိုသူတို့သည် မေတ္တနှောင် ကြိုးအားဖြင့် စည်းထားခြင်း ဖြစ်ပါသည်။ ကိုယ်တော်ကောင်းကြီးပေးဘို့ရန်အတွက် ဆုတောင်းပါသည်။

3 ၃။ ကျွန်ုပ်တို့ချစ်သောသိုးထိန်းသင်းအုပ်ဆရာကိုလည်း ကောင်းကြီးပေးတော် မူပါ။ သိုးထိန်းသည် သိုးများကိုကြည့်ရှုရုံသာမကကျွေးမွေးကြည့်ရှုဘို့ရန် သန့်ရှင်း သောဝိညာဉ်တော်နှင့် ဘိသိတ်ပေးသောကြောင့် ကျေးဇူးတော်ချီးမွမ်းပါတယ်။

ထို့နောက် ပြီးခဲ့သောအချိန်ကာလ လူနည်းစုအနည်းငယ်၌ဘေးဒါဏ်ကြီးနှင့် ကြောက်မက်ဖွယ်ရာများ တနည်းအားဖြင့် ကပ်ဆိုက်ရောက်မည့်အတွက်ကြောင့်စားသောက်ဖို့အတွက် စုဆောင်းရန် ကျွန်ုပ်ရူပါရုံရခဲ့သည့်အတိုင်း ညီကို ုသအ့ ာ ညေညေ နှင့်ညီကို္ဗသသျိ တို့လည်း နိုင်ငံခြားသို့သွားဘို့ရန် အသင့်ဖြစ် နေပါပြီ။သို့သော်ကိုယ် တော်ရှင်သည် ‘’ ဘယ်နေရာမှမသွားပါနှင့် ‘’ သင်တို့ အလိုရှိသမျှအားလုံးကိုဖြည့်ဘို့ရန်အတွက် ဤနေရာ၌ငါရှိပါ၏ဟု ကိုယ်တော်ပြောခဲ့ပါ၏။

ထို့နောက်ယနေ့တွင်ကိုယ်တော်ရှင်သည် တဆူတည်းသောဘုရားဖြစ်ကြောင်းကို ကျွန်ုပ်တို့အားဖော်ပြလိုပါသည်။ ဤအကြောင်းအရာသည်လည်း ကိုယ် တော်ရှင်၏ သမ်ာတရားဟုတ်မှန်ကြောင်းဖွင့်ပြပေးတော်မူပါ။ ထို့ကြောင့် ကိုယ်တော်ရှင်လူများ ကိုယ်တော်ရှင်၏မေတ်ာနှင့် သမ်ာတရား၌ကြီးပွားတိုး တက်ဘို့ရန်အတွက်လိုအပ်ကြောင်း ကျွန်ုပ်ကိုသိစေတော်မူပါ။ ကျွန်ုပ်၏အ ချိန်အားလုံးကိုကိုယ်တော်ရှင်ထံသို့ အပ်နှံပါ၏။ ဘုန်းတော်သည် ကိုယ်တော် ရှင်တွက် ဖြစ်ပါစေ။ ယေရှုနာမ၌တောင်းခံပါ၏။ အာမင်။ ယခုပရိသတ်အ ပေါင်းပေါ်၌ ဘုရားရှင်ကောင်းကြီး မင်္ဂလာသက်ရောက်ပါစေ။

4 ၄။ ကျွန်တော်တို့မစခင် ကျွန်တော် ယုံကြည်တာက ကျွန်တော် ဒီမှာ ကလေးလေးတစ်ယောက် ကောလင်းစ် ရှိပါတယ် ဆိုတာပါ။ လွန်ခဲ့တဲ့ မိနစ်အနည်းငယ်က ကျွန်တော် ထိုအဖေကို တွေ့ခဲ့တယ်။ သူ့မှာ နှစ်မြှုပ်ထားချင်သောကလေးလေး တစ်ယောက် ရှိခဲ့တယ်။ ကျွန်တော်တို့ ဒါကို အခု လုပ်ချင်ပါတယ်။ ညီအစ်ကို (သို့)ညီအစ်မကောလင်း၊ တစ်ယောက်က သေးသေးလေးတစ်ယောက်ကို ရှေ့ယူလာပါမယ်။ သို့မှသာ ကျွန်တော်တို့ထိုကောင်လေးအတွက် ရည်စူးသော ဝတ်ပြုခြင်း ရှိနိုင်ပါတယ်။

5 ၅။ ခွဲခွာခြင်းဟုအခိပ်ါယ်ရပါသည်။ ဘာကြောင့်လဲ။ ဘုရင်မျိုးစဉ်မျိုးဆက်(သို့) ခရစ်တော်၏ခန္ဓာဖြစ်သည့်အတွက်ကြောင့်ကျွန်ုပ်သည်မည်သည့်အချိန်မှ ဝတ်ပြုရာ ‘တဲတော် ခရစ်တော်၏ခန္ဓာ’ ဟု ကျွန်ုပ်မဆိုခဲ့ပါ။ဤခန်ာကိုယ် သည် ကိုယ်တော်ရှင်၏ခန္ဓာ အစိတ်အပိုင်းဟု ဆိုလိုပါသည်။

ဤနေရာ၌ လူငယ်လေးတယောက် ဘိတ်သိတ်ပေးရန်အလိုရှိပါသည်။ထိုအရာသည် အလွန်အရေးကြီး ကြောင်းသိပါ၏။ ကျွန်ုပ်၏ဇနီးသည် ကျွန်ုပ်၏ခ လေး ငယ်ကိုချီ၍မြူခြင်းကိုမကြိုက်ပါ။ သဝန်တိုတတ်ပါ သည်။ ထို့ကြောင့် ညီကိုနဘယ်လီ သဘောတူခဲ့လျှင် ဤနေရာကိုလာပါအုန်း။

6 ၆။ မိတ်ဆွေသင်၏အမည်သည် မည်သူနည်း။ ( ထိုပုဂ္ဂိုလ်ကလည်း ‘Clyde’ ဟု ဖြစ်ပါသည်။) ဤပုဂ္ဂိုလ်များသည် ညီအကို Clyde နှင့် ညီမ ကောလင်း တို့ဖြစ်ပါသည်။ဆရာကော့လင်း ဝိဘဲလ် တို့သည် အင်မတန်ခင် တွယ်စရာ ကောင်းသောပုဂ္ဂိုလ်များ ဖြစ်ကြပါသည်။ တပည့်တော်များလည်း တိုး၍လာပါ သည်။ သတိုးသမီးလောင်းနှင့် ပုံစံတူသည်ဟု ထင်ရပါသည်။

ညီမကောလင်း သူမ အသက်ဘယ်လောက်ရှိပြီလဲ။ (မိခင်က(၄)လ ကြီးများတောင်ရှိပြီဟုပြန်ဖြေပါသည်။ (၄)လတောင်ရှိပြီနော်။ သူ၏နာမည် ကား မည်သို့ခေါ်သနည်းဟု မေးပါသည်။ မတ်လ်ဒေးဗစ်ကောလင်း လား။ မင်္ဂလာရှိသော နာမည်ဟုပြန်ဖြေပါသည်။ သူငယ်သည်အင်မတန် ချစ်စရာကောင်းသောခလေးငယ်တယောက် ဖြစ်ပါသည်။ လူကြီးများကိုလည်း ယဉ်ကျေးသိမ် မွေ့စွာဆက်ဆံတတ်ပါသည်။

ဤနေရာတွင် ထိုခလေးငယ်ကို ချစ်သောပုဂ္ဂိုလ်ဖြစ်ပါသည်။ ညီကိုဘရမ်ဟမ် က မတ်(စ်)ဒေးဗစ်ကို ပရိသတ်ရှေ့၌ ချီပြလေ၏။ ထိုအမျိုးသမီးသည်အရုပ် ကလေးနှင့်၊ ခန္ဓာကိုယ်အလှပြင်ခြင်းကို ကြိုက်နှစ်သက်သည်။ အသိဉာဏ်မ ကြွယ်ဝသေးသောသူမဟုတ်မယ်ထင်သည်ဟု မေးလေ၏။ ဟုတ်ကဲ့ ...ယခု ကျွန်ုပ်တို့အားလုံး ခေါင်းငုံ့ကြရအောင်။

7 ၇။ ကောင်းကင်ဘုံ၌ရှိတော်မူသောအဘဘုရားသခင် တဆူတည်းသောဘုရား သခင်ကို ချီးမွမ်းပါ၏။ ဘုရားရှင်၏

ဂုဏ်တော်ချီးမွမ်းနိုင်ဘို့လည်းမစတော် မူပါ။ သိုးသငယ်သည် အပြစ်ရှိသော ကျွန်ုပ်တို့ကို ရွေးနုတ်သည့်အတွက် ကျေးဇူး တော်ချီးမွမ်းပါသည်။ ထို့နောက် ဤသူငယ်မတ်(စ်) ဒေးဗစ် (ြမေ ု ီလေငိ) ကိုယ်တော်ရှင်၌ ဆက်ကပ်အပ်နှံခြင်းကိုလက်ခံတော်မူပါ။ ဘုန်းတော် အတွက် အသုံးပြုတော်မူပါ။ ဤသူငယ်ကို ကျန်းမာခြင်းနှင့် ထွားကျိုင်းခြင်းကိုပေးသနား တော်မူပါ။ သူ၏မိဘတို့ကိုလည်း ကွယ်ကာစောင့်မတော်မူပါ။

အိုထာဝရဘုရားသခင် ရေတွင်းမှသောက်ရေသုံးဘို့ရန်ထားသောအိုး၌ အ စဉ်မပြတ် ရေလျှံသကဲ့သို့ ပီပါပုံးတိုင်း၌လည်း ရေပြည့်လျှံသကဲ့သို့ ဤသူငယ်၏ မိဘနှစ်ပါး၏ကြည့်ရှုမှုသည် သူငယ်အတွက် ကောင်းကြီးခံစားဘို့ရန် လမ်းပြ သွန်သင်တော်မူပါ။ သူတို့၏စိတ်နှလုံးများလည်း ကိုယ်တော်အား ဆက်ကပ်အပ် နှံဘို့ရန်အတွက် ကောင်းကြီးပေးရုံသာမကခလေးငယ်၏ အသက်တာသည် လည်း ကြီးထွား၍ လူရှေ့၊ ဘုရားရှေ့တွင် မျက်နှာရဘို့ရန် ကြည့်ရှုစောင်မပေးတော်မူပါ။

8 ၈။ ယခုဤသူငယ်မတ်(စ်)ဒေးဗစ်ကိုမိဘနှစ်ပါးလက်မှ ကျွန်ုပ်တို့ ထံသို့ ရောက်ရှိလာပါပြီ။ ထို့ကြောင့်သူသည်အသင်းတော်လူကြီးများထံ၌ ယေရှု နာမအားဖြင့် အပ်နှံလိုက်ပါသည်။ အိုဘုရားသခင် သူတို့၏ဆုတောင်းသံကိုနားညောင်းတော်မူပါ။ ကိုယ်တော်ရှင်သည် ဘုန်းတန်ခိုးနှင့် အစဉ်ပြည့်တော်မူ၏ ။ ကိုယ်တော်သည်ဤသူငယ်အသက်ရှင်သည့်ကာလပတ်လုံး ဂုဏ်တော်ချီးမွမ်း နိုုင်ရန်အတွက် လက်တော်သို့ချီးမြှောက်ပါ၏ ။ နှုတ်ကပတ်နားလည်ဘို့ရန်အ တွက်လည်း ကိုယ်တော်၏ရှေ့မှောက်၌ ကောင်းသောအရာ၊ သန့်ရှင်းသောအရာရှေ့ရှုပြီး ကျန်မာရေးတွက် ကောင်းကြီးပေးသလို ဝမ်းမြောက်စွာ အသက်ရှင် တော်မူပါ။ သူငယ်၏အသက်တာကိုသန့်ရှင်းစေပြီး ယေရှုနာမ၌ လက်တော်သို့ ဆက်ကပ်ပါ၏ ။ ...အာမင်။

ညီမကောလင်း နှင့် မတ်(စ်)ဒေးဗစ်နှင့် မိတ်ဆွေကောလင်းအပေါ်သို့ဘုရားသခင်၏ကောင်းကြီးမင်္ဂလာ သွန်းလောင်း ပါစေ။ ‘အထဲသို့ ခေါ်ဆောင်လာခဲ့ပါ။’ ကျွန်တော်တို့ အားလုံးတနေရာထဲ၌ ခေါ်ဆောင်လာခဲ့ပါ။ရုပ်ပုံတွေလည်း အထဲသို့ယူဆောင်လာခဲ့ပါ။

အပြစ်သည် အခွင့်အရေးမရောက်ခင်အထဲသို့ ခေါ်လာခဲ့ဘို့ရန်ကျွန်ုပ်၏ဆန္ဒ ပြင်းပြလျှက် ရှိပါသည်။ ကျွန်ုပ်တို့ ဘုရားသခင်၏အမှုဆောင်ဘို့ရန်အတွက်ထိုသူငယ်ကို ဆက်ကပ်ပြီးသား ဖြစ်ပါသည်။

9 ၉။ ယနေ့တွင်ဒေါက်(စ်) တို့မိသားစုအထဲမှ တဦးဦးအထဲသို့ ခေါ်လာဘို့ ရန်အတွက် တစ်ဦးတစ် ယောက်မျှ မရှိကြဘူးလား။ ညီမဒေါက်(စ်) မှ လည်း အထဲသို့ခေါ်လာရန် မသိဘူးလား။ ညီကိုဘရောင်း ဤနေရာ၌ သင်ရှိတယ်နော်။ဘရောင်းမှရှိပါတယ်။ ကျေးဇူးတင်ပါတယ်။ ဟုဖြေပါသည်။ ညီကိုဒေါက် (စ်)(ီကေခ့)သည်လည်း ဤနေရာ၌ရှိတယ်နော်။အတော် ဝမ်းမြောက်စရာကောင်းတယ်။ (ညီကို တော့(စ်)ဘရောင်းသည် ညီကိုဝီလီယမ် ဒေါက်(စ်)၏အကြောင်းကို အကြီးအကျယ်ပြောပါသည်။) ညီကို ဒေါက်(စ်)သည် ကျွန်ုပ်ထံထွက်သွားဘို့ရန်အတွက်ပြင်ဆင်ပြီ။ သို့သော် လည်း လွန်ခဲ့သော(၂၁)နှစ်တွင် ဘုရားသခင်သည် သူ၏အထဲ၌ အသက်ရှင်မည့်အကြောင်း ပြောပြထားသည်ကို မေးခွန်းများစွာမေးခွန်းနှင့် ကျွန်ုပ်မပြောလိုပါ။

10 ၁၀။ သို့သော်လည်းတမနက်တွင် သူ့ကို သွားခေါ်သည့်အချိန်၌သူသည် သေအံ့ဆဲ ဆဲဖြစ်နေပါသည်။ ထို့ကြောင့် သူ့ဆီသို့ကျွန်ုပ်တို့သွားကြပါသည်။ သို့နှင့် ဘုရား သခင်သည် သူ၏အပေါ်၌ ကောင်းမြတ်ကြောင်းကို ကျွန်ုပ်တို့ခံစားရပါသည်။ ဘုရားသခင်သည် သူ့ကိုကွယ်ကာစောင့်မပါသည်။ ဘုရားသခင် ကြွလာမည်ကို အစဉ်အမြဲစောင့် ကြို့နေမည်ဟုကျွနု်ပ်သိရှိခံစားရပါသည်။ (သို့)ယုံကြည်ပါ သည်။ သို့သော်လည်း တစ်ဦးနှင့်တစ်ဦး ယုံကြည်စိတ်ချသည့်အတွက်အသက် ကြီးသောသူကို ဖခင်ကဲ့သို့လေးစား ဆက်ဆံပါသည်။

ထိုသူသည် ဘုရားကျောင်းညာဘက်တန်းတွင် အမြဲထိုင်လျက်ရှိပါသည်။ယေရှု နာမ၌ ရေ၌ဗတ္တိဇံခံသည့်အချိန်တွင် သူ၏ညာဖက်တွင် အလျားလိုက် အလင်း တန်းထွက် ပေါ်လာသည်ကိုသတိရလာပါသည်။ ထိုအချိန်အခါတွင် ၈၇ (သို့) ၈၈ နှစ်ရှိသော ပုဂ္ဂိုလ်တစ်ဦး လာပါသည်။ ဗတ္တိဇံခံလိုပါသည်ဟုပြောပါသည်။ ထို့ကြောင့် အဝတ်အစားလဲဘို့ရန်အတွက် အချို့တို့သည် သွားယူကြပါသည်။ ချက်ချင်းထိုအဖိုးကြီးသည် ဗတ္တိဇံမင်္ဂလာကိုခံပြီး အလွန်ဝမ်းမြောက်လေ၏ ။

တခြားနေ့တွင် ပြန်လည်ဆုံတွေ့ကြပါသည်။ ဤကဲ့သို့ပြောပါ၏ ။ကျွန်ုပ် ကောင်း ပြီဟု ယုံကြည်ပါသလား။ ညီကိုဘရမ်ဟမ်ကဆို၏ ။

ဆေးတတ်ကျွမ်းသော ဆရာဝန်ထံ၌ပြပြီးပြီလား။ဟုမေးလေ၏ ။ ထိုပုဂ္ဂိုလ်က ပြခဲ့ပါပြီဟု ဖြေပါသည်။

ဆရာဝန်ကြီးက နားကြပ်ဖြင့်နှလုံးကို ကောင်းမကောင်းစမ်းသပ်ပြီးထိုနောက် သွေး၊ ဆီး၊ ဝမ်း၊ စသည်တို့ကို စစ်ဆေးမည် ဖြစ်ပါသည်။ ထို့နောက် ဆရာဝန်ကြီးသည် စာအုပ်တွေ လှန်ပြီးပါရဂူများက ဤရောဂါကို မည်ကဲ့သို့ ကုသရမည့်အ ကြောင်း ရှာဖွေကြမည်ဖြစ်ပါသည်။ ထို့ကြောင့် ထိုကဲ့သို့ ပြောဆိုခြင်းအားဖြင့် ယုံကြည်စိတ်ချမှု နည်းပါသည်။အဘယ်ကြောင့်ဆိုသော် ရောဂါအားလုံးကို မသိသောကြောင့် ဖြစ်ပါသည်။

11 ၁၁။ ဝိညာဉ်ပိုင်းဆိုင်ရာနားကြပ်သည် သမ္မာကျမ်းစာအုပ်သာ ဖြစ်ပါသည်။ ကျွန်ုပ် တို့ဆန်းစစ်ဘို့ ပြောသည့်အခါ(ယော ၅ း၂၄)တွင် ဤကဲ့သို့ မိန့်ဆိုခဲ့ပါသည်။ ‘’ငါအမှန်အကန်ဆိုသည်ကား ငါ့စကားကို နားထောင်၍ ငါ့ကိုစေလွှတ်တော်မူသောသူကို ယုံကြည်သောသူသည် ထာဝရအသက်ကိုရသည် ဖြစ်၍ အပြစ်စီရင် ခြင်းကို မခံရ။ အသက်ရှင်ခြင်းသို့ကူးမြောက်သောသူ ဖြစ်၏ ။ ‘’ ကျွနု်ပ်ကိုပြောပါသည်။ ထိုအရာကို သင်ယုံပါသလား။ တွေ့ရောတွေ့ ပြီလား။ သင်၏စိတ်တချို့ တဝက်တွင် မှန်ကန်ကြောင်းဝန်ခံပါလိမ့်မည်။ ကောင်းပါ၏ ။ မည်သူမဆို ထိုအရာသည် ကျွန်ုပ်၏ပစ္စည်း ဖြစ်သည်။ ပေးပြီးသားဖြစ်၏ ။ထိုသူသည် ကျွန်ုပ်တွက်ပေးပြီးဖြစ်သည်ဟု ယုံကြည်လက်ခံလျှင် ကိုယ်တိုင်ရရှိပြီး ဖြစ်သည်။ထိုသူမှလည်း ကျွန်ုပ်ပြုလုပ်ပါမည်။ ပြောဆိုပါသည်။

ထို့နောက် ဆရာဝန်အကြီးဆုံးသည် မည်ကဲ့သို့ပြောဆိုပါသည်။ကျွန်ုပ်ပြောပြ မည်ဟု ပြန်ဖြေပါ၏။ ထိုပုဂ္ဂိုလ်သည် သေခြင်းအားအောင်မြင်၍ အသက် ရှင်ခြင်းသို့ကူးမြောက်သောသူဖြစ်သည်။ ထိုသူအပေါ်၌ အပြစ်စီရင်ခြင်းနှင့် ပြစ်တင်ရှုံ့ချခြင်း မရှိတော့ပါ။ ကျွန်ုပ်သိရသလောက်စာအုပ်၌ ရေးမှတ်ထားသည်အ တိုင်း သင်သည် စာမေးပွဲအောင်ပြီး ဖြစ်ပါသည်။

အသက်(၁၀၀)ခန့်ရှိသော ပုဂ္ဂိုလ်သည် အသင်းတော်(သို့)အဖွဲ့အစည်း၌အလုပ်မလုပ်ဘူး။ သို့သော်လမ်း၌ သွားစဉ်ပင်အလင်းတန်းမှတဆင့် ကိုယ်တော်ရှင်ကို တွေ့ခဲ့ပါသည်။ဤအရာသည် ဘုရားသခင်၏ အကြံအစည်ဟုတ်ပါ သလား။ ဟုတ်ပါ၏။ အလင်းတန်းထိုးသည့် အချိန်မှစ၍ အသက်ကိုစတင်ရခဲ့ပါသည်။

12 ၁၂။ ယနေ့အတော်ပူအိုက်ပါ၏။ အခန်းကျဉ်း၍ ဝတ်ပြုဘို့လာကြသော ပရိသတ်ကို ကျွန်တော် အတော်အားနာမိပါသည်။သို့သော် ဘုရားသခင်၏ကျေးဇူးတော်ကြောင့် ဘုရားဝတ်ပြုဘို့ရန် အခြားနေရာ၌ ခေါ်ဖိတ်ခြင်းခံရပါသည်။ အချိန်အနည်းငယ်အတွင်း၌ သင်နှင့် ကျွန်ုပ်ခွဲခွာရမည် ဖြစ်ပါသည်။

မနက်ဖြန်ညတွင် ချီကာဂိုမြို့တော်၌ သွားဘို့ရှိပါသည်။ဗုဒ္ဓဟူးနေ့တွင် တရားဟောစဘို့ရန် ကြိုးစားကြပါသည်။ အချိန်အခါပေးခဲ့လျှင် ဤသာသနာလုပ်ငန်းစတင်ပြီးနောက် အနည်းငယ်အနားယူပါ သည်။ ထိုသူတို့ကို အကြောင်း ကြားပြီး ဖြစ်ပါသည်။အစီအစဉ်ဖျက်ဘို့ရန် မကောင်းဘူးဟု ယုံကြည်ပါသည်။ (တချို့သည်ပန်းမျိုးစေ့ ကြဲသောနေရာလားဟုထင်မိပါသည်။) ဗုဒ္ဓဟူးညမှစ၍ တနင်္ဂနွေ တိုင်အောင် ကျွန်ုပ်တို့၏ဧဝံဂေလိ ဟောပြောမည့်နေရာသည်နဘန်း သတ်သောကွင်း (သို့)ပျော်ပွဲရွှင်ပွဲပြု သောကွင်း ဖြစ်ပါသည်။ ထို့နောက် သတင်းကောင်းအသင်းတော်မှလူတဦးမှလူတဦး သည် ကျွန်ုပ်တို့ အတူ စနေနေ့မနက် တွင် ထမင်းအတူလာစားပါသည်။ ဧဝံဂေလိပြုလုပ်ရမည့်နေရာကိုကျွန်ုပ်သေ သေချာချာ မသိပါ။ စနေနေ့ညနေပိုင်းမှာတော့ ူသလန္တ နခ့ နေရာတွင် ပြင်ဆင် ထားပါသည်။

13 ၁၃။ ထိုနေရာပတ်ဝန်းကျင်၌နေထိုင်သူဖြစ်ခဲ့လျှင် ဧဝံဂေလိဆရာများ၏ သာသနာ လုပ်ငန်းကို သင်နားလည်လိမ့်မည်။ လူများ၏နှလုံးသားတို့ကိုတို့ထိသည့် သ တင်းကောင်း၏ သွန်သင်ချက်ကို ဤတိတ်ခွေမှလည်း နားထောင် နိုုင်ပါသည်။ လူတွေကအံ့သြပြီးစိတ်ဝင်စား နိုုင်ပါသည်။ သို့သော် ဤတိတ်ခွေအား နား ထောင်သမျှသော မှန်သမျှသည်အားလုံးအထူး ကြိုက်နှစ်သက် ကြပါသည်။ဤတိတ်ခွေသည်လည်း အထူးသဖြင့် ကျွန်ုပ်တို့၏ တရားဟောပလ္လင်ဖြစ်ပါ သည်။

ထိုနေရာ၌ နက်နဲသောတရားမဟုတ် နားလည်လွယ်သောတရားဟောချက် များကို ရွေးချယ်ထားပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုနေရာ၌ရှိသော ပုဂ္ဂိုလ်များသည်သမ္မာကျမ်းစာအား အပေါ်ယံသာ သိသောကြောင့် ထိုကဲ့သို့ ဟောပြောခဲ့ပါသည်။ သို့သော် ဘုရားသခင်ဖော်ပြသည့်တရားချက်များကို ဟောပြောဘို့ လိုအပ်ပါသည်။ ထို့ကြောင့် ဤတိတ်ခွေသည် ထိုအကြောင်းနှင့်ပတ်သက်၍ တရားဟောခွေဖြစ် ပြီး မိမိရှိသော နေရာတိုင်း၌ နားထောင်လို့ ရပါသည်။

14 ၁၄။ ယခုသင်သည် ဝတ်ပြုကိုးကွယ်ခြင်း တက်လိုပါက ကျွန်တော်တို့ သင့်ကို ရရှိခြင်းအတွက် ဝမ်းမြောက်စွာကြိုဆိုပါ၏။ မည်ကဲ့သို့ လာရမည်နည်း။ ဆိုသော သတင်းကောင်းမှပုဂ္ဂိုလ် တစ်ဦး(သို့)ညီကိုကာဆန်(သို့)ဖိလိဒေလိဖိ အသင်း တော်မှလည်း သင်လာဘို့ လမ်းညွှန်ပြ ကြပါလိမ့်မည်။ အခြားသောအရာကသင့်ကို ထိုနေရာကို ဘယ်လိုရောက်နိုင်လဲဆိုတာ မှန်မှန်ကန်ကန် ပြောနိုင်ပါတယ်။

15 ၁၅။ ထို့နောက်လာမည့်အပါတ်တနင်္လာနေ့ညပိုင်းတွင်ပြန်လာဘို့ အစီစဉ်ရှိပါ သည်။ ထို့အပြင် အင်္ဂါနေ့တွင်အရီဇိုးနားတွင် ခလေးကျောင်းထားဘို့ရန် ပြန်သွားပါ မည်။ ပြန်လာမည့်အချိန်အား အတိအကျပြော၍မရပါ။ဘုရားသခင်အလို တော် အတိုင်းဖြစ်ပါစေ။

ဤနေရာ၌ ဆောင်ထားဘို့ရန်တိတ်ခွေလည်း ရောက်လာပါပြီ။အံ့သြပြီးဝမ်း မြောက်စရာကောင်းပါလား။ သန့်ရှင်းသောဝိညာဉ်တော် လမ်းပြမှုအားဖြင့် ရူပါရုံအကြောင်းဖြစ်ပါသည်။ ထိုအရာကို ကျွန်ုပ်တို့နားထောင်ချင်သော အကြောင်းအရာ တခုဖြစ်ပါသည်။ တခါမျှမရှိဘူးသောမနက်က ဧဝံဂေလိ အစီအစဉ်မှ ရူပါရုံအကြောင်း ဖြစ်ပါသည်။ ထူးခြားသော နိမိတ်လက္ခဏာရောက်လာမည်ဟု သိထားနှင့်သော အရာသည် ယခုပင် ရောက်လျက်ရှိပါသည်။

16 ၁၆။ ယခုဤနေရာ၌ အနားယူဘို့ရန် ရောက်လာပါသည်။ သို့သော်နေရာသည် ကျွန်ုပ်တို့နှင့် မတည့်ပါ။ ကျွန်ုပ်တို့ရောက်ရောက်ချင်းဒုက္ခ ရောက်ပါသည်။ ထို့နောက် ယခုအပေါ်သို့ ခက်ခဲစွာတက်ပြန်ပြီး သို့သော်မြေညီသို့ပြန်ဆင်းလာကြပါသည်။ အောက်ရောက်၍ ဆယ်မိနစ်ခန့်အကြာတွင် ကျွန်တော်သည် အ ပြင်းဖျားပါသည်။ ရာသီဥတုကလည်းမိုးအုံ့ပြီးမဲလျက် ရှိပါသည်။ အရာခပ်သိမ်း တို့သည်လည်း ဝိညာဉ်ဆိုးကဲ့သို့ ဖြစ်ပါသည်။ပတ်ဝန်းကျင်လည်း မှောင်မဲလျက် ရှိပါ၏။

17 ၁၇။ ထိုနေရာ၌ထွက်ခွာသွားရန်အတွက် ကျွန်ုပ်သည် နောက်တနေ့တွင် ဇနီးကို ပြောကြားပါသည်။ ဒါပေမဲ့ ထိုအရာများကိုထပ်မံဆင်ခြင်သောအခါ ဤအရာကို ကျွန်ုပ်တို့ စဉ်း စားမိပါသည်။ သတင်းကောင်းဝေငှမည့်နေရာသာသနာအတွက် ဤကဲ့သို့ဒုက္ခနှင့်ပြည့်နှက်နေသော အသင်းတော်အ တွင်းတွင် ကျွန်ုပ်ဆန္ဒအရှိဆုံးဖြစ်ပါသည်။ ထို့ကြောင့် တိတ်ခွေအားနားထောင်ခြင်းသည် အခြားသော နေရာ၊ အခြားသော အကြောင်းအားနားထောင်ခြင်းထက် သာ၍ကောင်း၏။ ထို့ကြောင့် ဘုရား သခင်၏ လုပ်ငန်းလုပ်ကိုင်သော နေရာတိုင်းတွင်အောင်မြင်ခြင်း အခွင့်ကိုရ၏။ သို့သော် အံ့သြဘွယ်နိမိတ် လက္ခဏာများ ပြုလုပ်ဘို့ရန်အတွက်နှိုးဆော်ခြင်းခံရ လျှင် ထိုနေရာသို့ သွားသင့်ပါသည်။ မရေရာသော လမ်းနှင့် ဒုက္ခဆင်းရဲများရင်ဆိုင်ဘို့ လိုအပ်ပါသည်။ ယဇ်ပူဇော်ခြင်းထက်စကားနားထောင်ခြင်းသည် သာ၍ကောင်း၏။

18 ၁၈။ ထို့ကြောင့်ဗိမာန်တော်၌နှုတ်ကပတ်တော် ဟောပြောဘို့ရန် ပြန်လုည့်လာ ကြောင်းကို မြို့ထဲရှိ ယုံကြည်သူများကိုလည်းအသိပေးပါ။ ထို့နောက် ဘောလီ ပေါလ်ကိုလည်း ရော ပီစ ရုံးခန်း၌ အစဉ်အမြဲ ရုံးထိုင်မည် ဖြစ်သည်။ထိုအရာထဲမှ အရာခပ်သိမ်းကို သင်တို့သိပေလိမ့်မည်။ ဤအကြောင်း အရာကို ထပ်မံစဉ်းစားကြပါစို့။တံပိုး(၇)ခုမြောက် မှုတ်သည့်အခါ မှုတ်သည့်အ ချိန်တွင် နိမိတ်လက္ခဏာ(၇)ခုကို

ဘုရားသခင်သည်ဖော်ပြလေ၏။ ထို့နောက် မကြာမီရာသီဥတု အေးလာ၍ထိုအေးလာခြင်းသည် ဘုရားသခင်၏လမ်းပြ ခြင်းဖြစ်၏ဟု သိရ၏။

19 ၁၉။ ထို့နောက်အခြားနေ့ပြန်ရောက်လာသည့်အခါ အခြားတနေရာမှမေးခွန်း မေး သော စာအိတ်ရောက်လာပါသည်။ ကျွန်ုပ်သွားသည့်နေရာတိုင်းတွင် မိမိကိုယ် ကို လိုအပ်ကြောင်း ဆန်းစစ်ရန်သိရပါသည်။ ညီကို ဘောလီက ကျွန်ုပ်၏သက်သေ ဖြစ်ပါသည်။

ထိုပုဂ်ဂိုလ်သည်ထွက်သွား၍ ရှေ့နေကိုသွားမေးပါသည်။ရှေ့နေက ထိုသူသည် အမေရိကန်ပြန်သားဖြစ်၍ ဘာကြောင့်မပေးနိုင်ရမည်နည်း ဟုမေးပါသည်။ ထိုသူကလည်းထိုစာအိတ်ရွေးဘို့ရန်နှင့် ပို့ခဘာမျှမလိုအပ်ကြောင်း ရေးထား သည်ဟု ပြောပါသည်။ နိုင်ငံတော်အတွင်း၌မည်သူမဆို ပေးခြင်းနှင့်ရွေးခြင်း မလိုအပ်ကြောင်း ပြောပါသည်။

20 ၂၀။ မေးခွန်းမေးသောပုဂ်ဂိုလ်သည်စိတ်မကျေနပ်၍ ဘောလီကိုလူထု၏ ဥပဒေကို မရိုမသေပြုသည် ဟုဆိုပြီး အရာရှိထံသွား၍ ဘယ်လိုလဲဟုမေးပါသည်။ ငွေချေ ပြီး ဖြစ်ပါသည်။ ဤပုဂ်ဂိုလ်သည် အမေရိကန်နိုင်ငံသားဖြစ်သည်ဟု ဆိုပါသည်။

ထို့ကြောင့်မစဉ်းစားတတ်တော့ပါ။ မေရီလီမီတာအိုင်းစ်နှင့် မီလာအိန္ဒာရယ်နပိုလစ်တို့သည် မြေခွန်အရာရှိတို့ကို ခေါ်လေ၏။ ထိုသူသည်ချက်လက်မှတ်ပေးလေ၏။ ထိုကဲ့သို့ပေးနိုင်သော ပုဂ်ဂိုလ် တဦး ဖြစ်ပါသည်။ ထိုသို့ ပေးခံခြင်းပုဂ်ဂိုလ်တဦးဖြစ်သောကြောင့် တံဆိပ်ခေါင်း ကပ်စရာမလိုပါ။

21 ၂၁။ ထိုပုဂ်ဂိုလ်ကချက်လက်မှတ်မှ ငွေမလဲပေးနိုင်ကြောင်းပြောပါသည်။ လူတစ် ယောက်က ချက်ငွေ (ငွေထုတ်ပေးနိုင်သည့်စာရွက်စာတန်းကို ယူလာခဲ့ပါသည်။ ဝတ်ပြုစည်းဝေးသည့်နေရာ၌ ဒီမှာညီကိုဘရမ်ဟမ် ..ဟုတ်ကဲ့..ဝီလီယမ်ဘ ရမ်ဟမ် ဝီလီယမ်ဘရမ်ဟမ်ဟု ထပ်ခါထပ်ခါ ခေါ်ပါမည်။) အစိုးရဋ္ဌါနနေရာ တိုင်း၌ သတိထား၍အလုပ်လုပ်တတ်ပါသည်။ ဤချက်လက်မှတ်ပေါ်၌ ကျွန်ုပ် ၏အမည်ကို စိုင်းထိုးလိုက်ပါပြီ။ ထို့ကြောင့်မိတ်ဆွေအပေါင်းအသင်းများက ကျွန်ုပ်၏အကြွေးအားလုံးတို့သည် ကျေပြီဖြစ်ကြောင်း ပြောကြပါသည်။ကျွန်ုပ် ကလည်း မြေခွန်အကြွေးပေးဘို့ မပေးဘဲနေသောအပြစ်သား တစ်ဦးဖြစ်သည်။ ပြောကြပါသည်။ငွေအားဖြင့် ဒေါ်လာ သိန်း(၃၀) အကြွေး ကျွန်ုပ်အသက်တာ သည် ရှုပ်ထွေးလျက်ရှိပါသည်။

ထို့ကြောင့် ထိုချက်လက်မှတ်ယူ၍ထားပြီး ချက်ချင်းကျားပိုင်းဃော့ောဘပကိုခေါ်ပြီး ဒီမှာ ကျွန်ုပ်ကိုပြန်လည် ပေးအပ်ပါသည်။ ထိုအကြောင်းအရာကို ပြန်လည် စဉ်းစားဘို့လိုအပ်ပါသည်။ ထိုအကြောင်းအရာကိုပင်လျှင် ရှုပ်ထွေးလျက်ရှိ သည်ဟု ကျွန်ုပ်ကိုပြောပါသည်။

22 ၂၂။ ထို့နောက်ညီကိုလီယာလီ ဤကဲ့သို့ဆိုပါ၏။ ဤအရာသည် မှန်ကန်ကြောင်းကျွန်ုပ် ယုံကြည်ပါသည်။ ဤပုဂ်ဂိုလ်သည်ပညာတတ်တဦး ဖြစ်၍ ယေရှုနာမ၌ဗတ်ဇ္ဇိဖံခံသောသူ တယောက်ဖြစ်ပါသည်။ လူတော်လူ ကောင်းတစ်ဦးဖြစ်ကြောင်းမြင်ပါသည်။ ယေရှုခရစ်တော် ကျွန်ုပ်၏မိတ်ဆွေ လည်း ဖြစ်ပါသည်။ ယခင်က ဧဝံဂေလိဆရာတဦးဖြစ်၍အင်မတန်တော်၍ လူကောင်းတစ်ဦး ဖြစ်ပါသည်။ ထို့အပြင် သန့်ရှင်းသောဝိညာဉ်တော်၏ လမ်းပြ မှုအောက်တွင်ရှိပါသည်။ ထိုပုဂ်ဂိုလ်ကို အလင်းတန်းထိုးသည့်အချိန် အခါတွင် ကျွန်ုပ်ထွက်ပြေးဘို့ကြံရွယ်ပါသည်ဟု ကျွန်ုပ်ကိုပြောပြပါသည်။ သို့သော် မထွက်ပြေးပစ်ခဲ့ပါ။ နောက်နေ့တွင်ဗတ်ဇ္ဇိဖံကိုခံခဲ့ပါသည်။ အချိန်ကောင်းပင် မစောင့်ဆိုင်းတော့ဘဲ ယေရှုနာမ၌ ဗတ်ဇ္ဇိဖံချက်ချင်းခံပါသည်။

23 ၂၃။ ထမင်းမစားခင်သန့်ရှင်းသောဝိညာဉ်တော်၏ အစားအစာကိုဝအောင်စား သောက်ပြီးအချိန်တွင် အနည်းငယ်သက်သေခံချင်သောစိတ်ရှိမည်ဟု ယုံကြည် ပါသည်။ ထို့ကြောင့် တနေရာသို့သွားခဲ့ပါသည်။ ကျွန်ုပ်သွားသည့်အချိန်မှစတင် သက်သေခံခဲ့ပါသည်။ သူ၏ သက်သေခံချက်မှာ မည်ကဲ့သို့ပရိသတ်ကြီးကို ထို ပုဂ်ဂိုလ်ကမေတ္တာရှိသည်ကို သိသနည်းဆိုသည့်အချက်ပင် ဖြစ်ပါသည်။

ယခုညီကိုဘောလီသည် လူတော်လူကောင်းတစ်ဦးဖြစ်ကြောင်းကျွန်ုပ်သိသည်။ သို့သော် သူသည်စိတ်တို၍ စိတ်ဆတ်သည်။ ထိုအရာကို ကျွန်ုပ်သတိပေးလျက် ရှိပါသည်။ထို့ကြောင့်ယခုအချိန်တွင် ကျွန်ုပ်၏စကားကို နားထောင်ပါမည်။ ညီကိုဘောလီထံသို့ မိမိကိုယ်ကိုမိမိထိန်းသိမ်းပြီးယုံကြည်စိတ်ချစွာနေပါ။ ဘုရား သခင်သည် ပြောင်းလဲခြင်းမရှိ၍ တည်ငြိမ်လျက်ရှိပါသည်။

ထိုပုဂ္ဂိုလ်က သင့်အတွက် မှန်ကန်ကြောင်းမှန်ကန်ပါလိမ့်မည်။ သို့သော်ထို ပုဂ္ဂိုလ်အား သံသယစိတ်မရှိပါ။ လူကောင်း တစ်ယောက်ဖြစ်ပါသည်။ဝတ်ပြု စည်းဝေးလည်း မှန်မှန်တက်သောသူတစ်ယောက် ဖြစ်ပါသည်။ ထိုကဲ့သို့ လူ တော်လူကောင်းသည်အနေအထိုင်လည်း သန့်မည်ဖြစ်ပါသည်။ သို့သော် လူများ က ပြန်ကောင်းရန်အတွက် ယုံကြည်ခြင်းမရှိပါ။

24 ၂၄။ ညီကိုဘောလီထံ၌စောင့်ကြည့်ပါ။ ဤကဲ့သို့ ယိမ်းယိုင်သော အခြေအနေသည် (ဆိုးသောဝက်ကဲ့သို့) အနားတွင်ထိုင်နေသည်အတူပင် ဖြစ်ပါသည်။ စောင့် ကြည့်ပါ။ ဒါဝိတ်ရှင်ဘုရင်ပင်လျှင် သူ၏သားကိုယ်တိုင်ထီးနန်းကိုလုလေ၏။ ပုန်ကန်လျက်ရှိသော စစ်သားနောက်သို့ ထွက်ပြေးခဲ့ရသည်။ ထို့ကြောင့်ဣသ ရေလလူမျိုးများသည် အကွဲကွဲအပြားပြား ဖြစ်ခဲ့ရပါသည်။ သူ၏သားသည်ထီး နန်းကိုရယူ၍ ဒါဝိတ်မင်းကိုယ်တိုင် ဝမ်းနည်းစွာဖြင့် ဝင်လာရပါသည်။ သူ၏ အကြောင်းအရာ၊ နောက်ဆုံးသတင်းတော် မဟုတ်သေးပါဟုကျွန်ုပ်ပြောပါ သည်။ ဒါဝိတ်သည် ထိုလူငယ်လေးကို မည်သို့မျှ မတုန့်ပြန်ပါ။ တံတွေးထွေး၍ညဉ်းဆဲပါသည်။ ထိုပုဂ်ဂိုလ်အား မထီမဲ့မြင်ပြုကြပါသည်။ မည်သို့မှသုံး၍ မရအောင် ညဉ်းပန်းနှိပ်စက်ခဲ့ပါသည်။ ထို့နောက် တာဝန်ကျသောပုဂ်ဂိုလ်က ဒါးရှည်ကိုဆွဲထုတ်၍ ဘုရင်ကိုမထီမဲ့မြင်ပြုသောသူကိုရှာဖွေ၍ဘယ်မှာလဲဟု ကြိမ်းမောင်းလေ၏။ သို့သော် ဒါဝိတ်ကဘာမျှမလုပ်ပါနှင့်။ ဘုရားရှင် အခွင့်ပေး၍ပြုလုပ်ခြင်း ဖြစ်ပါသည်။ တံတွေးထွေး၍ မထီမဲ့မြင်ပြုသော အချိန်ကာလ တွင် ဘာမှပြန်မလုပ်ပါနှင့်။ဘုရားရှင်ကို ထိုကဲ့သို့ပြုလုပ်ရန် အခွင့်ပေးသည်ဟု မကြောက်မရွံ့ပြောခဲ့ပါသည်။ ကောင်းပါပြီ။မည်ကဲ့သို့ အောင်မြင်ခြင်းဖြင့် ပြန်လှည့်လာပါသနည်း။ သူ၏အကြောင်းကို ကျွန်ုပ်သိပါ၏။ညီကို ဘောလီသည် ထိုကဲ့သို့ နောက်ပြန်လဲခလုတ်တိုက်ခဲ့သော်လည်း ကျေးဇူးတော်မြောက်မြားစွာပိုခံစားခဲ့ရပါသည်။

25 ၂၅။ ထို့နောက်ပြန်လာသည့်အချိန်တွင် ပီစ ရုံး၌ဝင်ခဲ့ပါသည်။ လူထု၏ ဘဏ္ဍာထိန်းသောပုဂ္ဂိုလ်က ဘေလီပေါကိုခေါ်၍ဤကဲ့သို့ ပြောပါသည်။ ထို့ နောက် ညီကိုဘယ်လီသည် ကျွန်ုပ်နေသော အိပ်ခန်းထဲသို့ ရောက်လာခဲ့ပါသည်။ကျွန်ုပ်သွားသည့်အချိန်တွင် ကျွန်ုပ်၏ဇနီးထံ၌ ကျွန်ုပ်နားကျသော အခန်းထဲ၌ အတူရှိစဉ်ပင်သင့်ထံ၌ သင်နှင့်ကျွန်ုပ်အနည်းငယ် ဆွေးနွေးပြောစရာရှိသည်။ ပြောပါသည်။

ကျွန်ုပ်မထွက်ခင် ကျွန်ုပ်ပြောနေသည့်အချိန်တွင်ဇနီးသည်က ဘေးလ် ဘုရားသခင်က ထိုနေရာသို့သွားစေဘို့ အလိုရှိသည်ဟု ယူဆပါသည်။ သို့သော်သင်ပြန်လာဘို့ရန်အတွက် ဘာတခုမျှကျွန်ုပ်မသိပါ။ ထို့ကြောင့် ကျွန်ုပ်လည်း သင်နှင့်အ တူ စိတ်ပူပန်လျှက်ရှိပါသည်။

26 ၂၆။ ကျွန်ုပ်ကကောင်းပါသည်။ ...သင့်အတွက်နှင့်ခလေးငယ်အတွက် အားလုံး စီစဉ်ပြီးသား ဖြစ်ပါသည်။ ဘာမှစိတ်ပူပန်ခြင်းမရှိပါနှင့်။ ဘုရားသခင်အလိုရှိ မည်ဆိုလျှင် မည်သည့်နေရာမဆို သာသနာပြုရန်အတွက် သွားဘို့ရန်အသင့်ရှိ နေပါသည်။ ထို့နောက် ကျွန်ုပ်၏ဦးထုပ်ကို လှည့်ပြီး ပြန်ဆောင်း လိုက်ပါသည်။ကျွန်ုပ်အပြန်ခရီးတွင် ကျွန်ုပ်ဇနီးကို ပြန်လည်ပြောပြပါသည်။

အချို့သောပုဂ္ဂိုလ်များက ဘာဘာညာညာ ပြောတတ်ကြပါသည်။ထိုပုဂ္ဂိုလ်သည် အခွန်ခံဖြစ်သည်။ ခမြတိုက်သောပုဂ္ဂိုလ် စသည်အားဖြင့် ပတ်ဝန်းကျင်သည်အင်မတန်ကြောက်စရာ ကောင်းပါ၏။

ညီကို ဝီလီ ထံသို့စကားပြောခဲ့ပါသည်။ ဖြစ်လာမည်ဟုမထင်သောကိစ္စများ ကြုံကြိုက်ခဲ့ပါသည်။ ထိုပုဂ္ဂိုလ်ကို မည်သို့မျှ မပြုလုပ်ကြပါနှင့်။ ဤကဲ့သို့ ပြုလုပ်ဘို့ရန် ဘုရားသခင်သည်ခန့်ခွဲထားမည်ဟု ကျွန်ုပ်ပြောခဲ့ပါမည်။

ထို့နောက် ကျွန်ုပ်တဦးတည်းသိဘို့ရန်အတွက်အသံကြားခဲ့ရပါသည်။ လျှပ်စီးလက်သကဲ့သို့ အလင်းများ လင်းပြီး နံရံ၌ မရေးမချင်း ထိုအသံကိုကြားနေရပါသည်။ ထိုနေရာ၌ ညီကိုဘေလီနှင့်သူ၏ဇနီးလည်း ထိုင်လျက်ရှိကြပါ သည်။ ထိုအသံမှာ အာရီဇိုးနားသို့ သွားလော့ဟုနံရံ၌ ရေးထား သောစာသားကို ယူ္ဍ၍သွားလော့ ဟုဆိုသည့်အတိုင်း အာရီဇိုးနားသို့ပြန်လည် ထွက်ခွာခဲ့ပါသည်။

27 ၂၇။ ယခုဤတစ်ပါတ်အတွင်းသည် ဘုရားသခင်ကောင်းကြီးမင်္ဂလာခံစားရသည့် အပါတ်ဟု ခေါ်ဆိုနိုင်ပါသည်။ရ- ခုမြောက်သော တံဆိပ်ရောက်လာဘို့ရန် အတွက် စောင့်ြ့ကိုနေရသောသူအားလုံး၏ (တွေ့ဆုံမည့်နေရာ)အပါတ်ဖြစ်ပါ သည်။ ကျွန်ုပ်သည်ခက်ခဲခြင်း ဘာမျှမရှိပါ။ သို့သော် မြို့ထဲမှလာသောပုဂ္ဂိုလ်များသည် အနည်းငယ်ဒုက်္ခရောက်ကြောင်း သိရပါသည်။ သို့သော် စကားမပြော ခင်မနက်တွင် အခန်းထဲ၌ထိုင်နေစဉ်သန့်ရှင်းသောဝိညာဉ်တော်သည် သူတို့ အားလုံးအပေါ်သို့ မိမိတို့၏ဆန္ဒအတိုင်း ထိုပုဂ္ဂိုလ်များထံ၌ပေးခဲ့ပါသည်။ သက်သေခံသည့် အိမ်မက်များနှင့် ရှင်းလင်းချက်များကို သက်သေခံဘို့ရန်အတွက်မိန့်ဆိုခဲ့ပါသည်။

ယခုဤအခန်းအတွင်း၌ အတူတကွရှိစဉ်တွင် ကျွန်ုပ်ရှေးဦးစွာကြွလာမည့် အကြောင်း ပြောစရာများပြောဘို့ရန်အတွက် ပြောခဲ့ပါသည်။ ထိုပုဂ္ဂိုလ်များ ကကောင်းပါသည်။....ညီကိုဘရမ်ဟမ် ကိစ္စတခုကြောင့် ကျွန်ုပ်လာခဲ့ပါ သည် ဟုပြောကြပါသည်။

28 ၂၈။ ယခုနားထောင်ကြပါစို့။ ယခုကျွန်ုပ်တို့အတူတကွ မိတ်သဟာရဖွဲ့ခြင်း၊ မေတ္တာ ပို့ခြင်း သက်သက်မဟုတ်ပါ။ တယောက်နှင့်တယောက် မိတ်ဆက်ရန် သက်သက် လည်း မဟုတ်ပါ။ သင်တို့၏ စိတ်ထဲ၌မည်ကဲ့သို့ ဖြစ်မည်နည်းဆိုပြီးအနည်း ငယ် စိတ်ရှုပ်ထွေးပေလိမ့်မည်။ အကြောင်းမှာ အပြစ်ပြုလုပ်ခြင်း၊ လဲခြင်းရှိပါသည်။ ထိုအရာကို သင်တို့မသိကြပါ။ ထိုသို့လဲခြင်း၊ စုံစမ်းနှောက်ယှက်ခြင်းများ ကို ဘုရားသခင်၏ကူညီမစခြင်းအားဖြင့် ရှင်းပြပေလိမ့်မည်။

ဟုတ်ကဲ့ ... တောင်ပိုင်းဘုရင်မ သင်တို့မှတ်မိကြပါလိမ့်မည်။ဘုရင်မသည် ဘုရင်ရှောလမုန်ထံလာစဉ်တွင် မေးခွန်းများမေးခဲ့ပါသည်။ ကျမ်းစာက ဘုရား သခင်ဖွင့်ပြမှသာလျှင် အရာခပ်သိမ်းကို သိနို္ုင်ပါသည်။ ထိုနည်းတူ ဘုရင်ရှော လမုန်သည်လည်း မရှင်းပြနို္ုင်ခဲ့ပါ။ ရှောလမုန်ဘုရင်ကလည်း မဖြေရှင်းနို္ုင်ခဲ့ပါ။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၌ဘုရင်ရှောလမုန်ထက် ပညာသာသော ပုဂ္ဂိုလ်တဦးရှိပါသည် ဟုကျွန်ုပ်ပြောပါသည်။ ထိုအရာသည် မှန်ကန်ပါသလား?

ယေရှုခရစ်တော်သည် ဤကဲ့သို့ဂတိပေးခဲ့ပါသည်။ငါ၏နာမဖြင့် သင်တို့သည် နှစ်ဦးသုံးဦး သဘောတူလျှက်ရှိသောနေရာတွင် ကျွန်ုပ်ရှိမည်ဟု မိန့်ဆိုပါသည်။ထို့နောက် မည်သည့်အရာ စဉ်းစားတွေးတောခြင်း လိုအပ်သည့်အရာများ တောင်းခံသည့်အချိန်တွင်ပေးမည်ဟု ဂတိတည်ခဲ့ပါသည်။ ယခုသင် မေးသော သင်မသိသော အရာများကိုမေးပါသည်။ မည်ကဲ့သို့ပြောရမည်နည်းကို သင် သည်လုံးဝ သိမည်မဟုတ်ပါ။

29 ၂၉။ ထို့ကြောင့်ကျွန်ုပ်ဆက်လက်ပြောပါသည်။ ကျွန်ုပ်၏သမ္မာကျမ်းစာ၌ ဘုရားသခင် ကောင်းကင်တမန်တို့သည် တဲတော်ကိုယ်တော်ကို ကြောက်ရွံ့သောသူ များအတွက် ဆောက်ခဲ့ပါသည်ဟု ကျွန်ုပ်ပြောပါသည်။ ထို့နောက်အခြား သောကမ္ဘာ(ဤမြေကမ္ဘာ) အာရုံငါးပါးအားဖြင့် မသိနို္ုင်သော အရာကိုသိနို္ုင် ခြင်းဌာဖြစ်သည်ဟုကျွန်ုပ်ပြောပါသည်။

ဤအာရုံငါးပါးသည် ဤမြေကြီးခန္ဓာအားဖြင့်သိခြင်းဖြစ်သည်။သိခြင်းမ ရှိခဲ့ပါက သင်ဘာမှသိမည် မဟုတ်ပါ။ သိဘို့ရန်လည်း သင်၌ပြင်ဆင်ပြီးဖြစ် ပါသည်။ထိုအရာသည် အခြားသော ကမ္ဘာမှသိသောအ ရာဖြစ်ပါသည်။ သင်သည် ထိုအရာများကို စိတ်ဝင်စားခြင်းမရှိခဲ့သော်မည်ကဲ့သို့မျှော်လင့် မည်နည်း။ အခြားသော အကြောင်းအရာများလည်း သိရှိခဲ့မည်မဟုတ်ပါ။ ထိုကဲ့သို့ဖြစ်ခဲ့သောဤအာရုံငါးပါးသည် ဘုရားသခင်ကိုသိဘို့ရန်နှင့် ပညာဖြစ်ကြောင်း ကို သိရလေသည်။

ထို့နောက် အကြောင်းအရာတခုပေါ်လာပြန်သည်။ထိုအရာသည် ယုံကြည်ခြင်း ဖြစ်ပါသည်။ ယုံကြည်ခြင်း လှေခါးထစ် တထစ်တက်သည့်အခါ ဤလောကမှတစ်ဆင့် အမြင့်သို့တထစ်ချင်း တက်သွားပေလိမ့်မည်။ ထိုအရာ များသည် ရူပါရုံကဲ့သို့ သင်သည်ရှေ့သို့ ကြိုမြင်ရပါလိမ့်မည်။

ထို့နောက် သင်အာရုံငါးပါးမှ မြင်တွေ့ခြင်းမဟုတ်ဘဲယုံကြည်ခြင်းအားဖြင့် ခံစားချက်ကို ခံစားရပါလိမ့်မည်။ အလင်းကို မမြင်ဘူးသည့်အရာဖြစ်သောဝိညာဉ်ကို ယခုမြင်ရခြင်းမှာ နက်နဲသောအရာ ဖြစ်ပါသည်။ သို့သော် မသိကြသေးသောကြောင့် ဖြစ်ပါသည်။

30 ၃၀။ သို့သော်အခြားအခြားသောနေရာမှ ကျွန်ုပ်တို့အားလုံးတွေ့ဆုံခြင်းမရှိမီ ကပင ဘုရားသခင်သည်ရှိနှင့်ပြီးဖြစ်ပါသည်။ ထို့ကြောင့် လာရောက်ကြသောပရိ သတ် အချင်းချင်းထဲမှ မေးခွန်းများမေးခြင်းအကြောင်းအရာများလည်း အား လုံးဖြေကြားရန် အသင့်ရှိလျက်ရှိပါသည်။ နိုးထကြပါ။ ယုံကြည်ကြပါဟုကျွန်ုပ်ပြောပါသည်။ မည်သည့် တခွန်းမျှမပြောခင် ကျွန်ုပ်ပြောပါသည်။ ဘုရားသခင်သည်ကြီးမြတ်၍ အရာခပ်သိမ်းကိုသိပါသည်။သို့သော်ညနေပိုင်း သုံးရက်အ တွင်း အပြင်သို့ထွက်စေရန် တောင်းခံပါသည်။ ထို့နောက် အပြင်သို့ထွက်ရန်ကျွန်ုပ်ပြင်ဆင်ပါသည်။

ထိုနေရာ၌ မှန်ကန်သောလမ်း လူတိုင်းအတွက် ပြင်ဆင်ပြီးသားရှိပါသည်။ယခုအရာအားလုံး ပြောလိုသောစကားများ ပြောနိုင်ပါသည်။

31 ၃၁။ ထိုနေရာ၌ရှိသောပုဂ္ဂိုလ်များနက်နဲသောအရာ ထုတ်ဖော်ခြင်းနားလည်ခြင်း ကို သဘောပေါက် လာကြပါသည်။ ထိုအရာသည်ပညတ်ချိုးဖောက်ရန်အတွက်အင်မတန် ကြောက်စရာကောင်းသော (အထူးကြောက်စရာကောင်းသော) ဆိုက်ရောက်ဘို့ရန်အတွက်လည်းဖြစ် နိုင်ပါသည်။ ထိုအကြောင်းအရာ ဖွင့်ပြခြင်းကို တဆင့်ပြီးတဆင့် လူထုပရိသတ်သိနိုင်သောအရာ ဖြစ်ပါသည်။ ထောင်ကျနိုင်သော အကြောင်းအရာများ ဖြစ်နိုင်ပါသည်။ အခြားအကြောင်းအရာများလည်း စိုးရိမ်စရာရှိပါသည်။

32 ၃၂။ သို့သော်ထိုပုဂ္ဂိုလ်နှင့်အတူထိုင်သည့်အခါတွင်လည်း သန့်ရှင်းသောဝိညာဉ် တော်က သင်တို့နှစ်ဦးပေါ်၌တည်လျက်ရှိ၏။ သို့သော် သူတို့မေးနှင့်သော မေးခွန်းများကို တစ်ဦးချင်း အရေးကြီး သောအရာများမေးသည်ကိုကျွန်ုပ်သိပါသည်။ ဘာမှကျွန်ုပ်မပြောပါ။ သို့သော် ဤအကြောင်းအရာသည်သူ တို့သက်သေခံခြင်းဖြစ်စေ၊မခံခြင်းဖြစ်စေ၊ ဤအကြောင်းအရာကို ကျွန်ုပ်ပြော ပါသည်။ ထို့ကြောင့်တစ်ဦးနှင့်တစ်ဦးစကားပြောဘို့ရန်တွေ့ဆုံဘို့နေရာ ဖြစ်ကြောင်း အားလုံးသိဘို့ရန် လိုအပ်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့မသိသော အခက်ခဲများကို ဖြေရှင်းပေးဘို့ရန်အတွက် ဤကဲ့သို့သောအချိန်ကောင်းနေရာကောင်း နေရာပြင်ဆင်ပေးသောကြောင့် ဖြစ်ပါသည်။

33 ၃၃။ ထို့နောက်ကျေးဇူးတော် စကားကို စဉ်းစားကြပါစို့။ သန့်ရှင်းသော ဝိညာဉ်တော်က တဦးနှင့်တဦး မတွေ့ဘူးသူများနေရာတိုင်းမှလာကြသော ပုဂ္ဂိုလ်အားလုံး တွေ့ဆုံနိုင်ဘို့ရန်အတွက် လူတိုင်းတစ်ဦးတစ်ယောက်၏လိုအပ်ချက်အားလုံးကိုသိပြီး ဖြစ်ပါသည်။ ထို့နောက် ဖြေနိုင်ဘို့ရန်အတွက်ပြင်ဆင်ပြီး သား ဖြစ်ပါသည်။

34 ၃၄။ ညီအစ်ကိုတစ်ဦးကမေးခွန်းတခုမေးပါသည်။ ထိုမေးခွန်းမှာမြွေ၏ မျိုးစေ့ဆို သည့် အကြောင်း ပင်ဖြစ်ပါသည်။ နာရီဝက်ခန့်ကြာသည့်အချိန် နောက်ပိုင်း တွင်မေးသောကြောင့် ကျွန်ုပ်ဖြေဘို့အချိန်မရပါ။အဖြေကတော့စာရွက်ပေါ် တွင် လွယ်ကူစွာ တွေ့နိုင်မယ်လို့ ယုံကြည်ပါသည်။ ထိုစာရွက်ကို ကြည့်သည့်အခါ အဖြေအားလုံးကို မတွေ့ရှိပါ။ အဖြေစာရွက်ကို ကျွန်ုပ်ပေးလိုက်ပါသည်။ သူတို့အားလုံးမသိသော်လည်း ဘောလီပေါ်၌ရှိမည်ဟု ယုံ ကြည်ကြပါ သည်။ ဤနေရာ၌ သူလည်းထိုင်နေပါသည်။ သင်တကယ်သိချင်သောဆန္ဒရှိ ပါက ဤစာအုပ်အဖြေအားလုံး ရေးထားလျက်ရှိပါသည်။

35 ၃၅။ ဟုတ်ကဲ့ဘုရားသခင်ကောင်းမြတ်တော်မူ၏ဟု ပြောပါ။ လူအားလုံးလည်း ကောင်းကြမည်ဟု ယုံကြည်ပါသည်။

ထို့နောက် ဆုတောင်းသည့်အချိန်တိုင်း၌ သတိရရန်လိုအပ်ပါသည်။ညီအစ်ကိုဒေါက် ပြောပါသည်။ ဤပုဂ္ဂိုလ်သည် တန်ဘိုးရှိ၍ ခင်မင်စရာကောင်းပါသည်။ ဆုတောင်းသည့်အချိန်၌သူ့ကိုသတိရကြပါစို့။

36 ၃၆။ ညီအစ်ကိုအက်ကရင်းကိုတော့ တွေ့ခဲ့ပါသည်။ သို့သော်ညီမ အက်ကရင်းကိုတော့ ဘယ်နေရာမှမ တွေ့ပါ။ နေကောင်းမယ်လို့ယုံကြည်ပါ တယ်။ ဟုတ်ကဲ့ သူသည်ကျွန်ုပ်တို့နှင့် တနေရာစီနေပါသည်။ နောက်နေ့ည အတူတကွသွားဘို့ရန်ဘိတ်ခေါ်သည့်အတွက် ကျေးဇူးတင်ပါသည်။ သူနှင့် သူ၏သမီးပြဿ နာကြောင့် ဖြစ်ပါသည်။ သူ၏အမေကမကြိုက်ဘူးဆိုကာ ထွက်သွားပါပြီ။ လမ်း၌ တအားပြေးသွားပါသည်။ ထိုအရာသည် ဘုရားသခင်၏ ကျေးဇူးတော်မဟုတ်ခဲ့သော်သူတို့နှစ်ဦးပြတ်စဲရခြင်းအကြောင်း ဖြစ်ပါသည်။ ထို့နောက် ဝတ်ပြုစည်းဝေးတက်ဘို့ရန် မီးရထားနှင့်သွားခဲ့ရပါသည်။

37 ၃၇။ သင်တို့အားလုံးကိုကျွန်ုပ်မမေ့နိုင်မည်မဟုတ်ပါ။ ကျွန်ုပ်မည်မျှချစ်သည်ကို ဘုရား သခင်သိပါ၏။ ဤကဲ့သို့ ရာသီဥတုသာသာယာယာနှင့်အခြားနေရာကို မည် သို့သွားနိုင်မည်နည်း။

ဤပတ်ဝန်းကျင်၌ ဝတ်ပြုစည်းဝေးတက်ဘို့ရန် လာသည့်အချိန်တွင်ရေခဲနှင့်ဒုက္ခမြောက်မြားစွာကြားထဲမှ မော်တော်ကားနှင့် လာကြသော ‘ဂျော်ဂျီယာ’ မှ ‘အလက်ပမား’အခြားသောနေရာ ‘တနက်စီ’ ပတ်ဝန်း ကျင်မှလာကြသော ညီအစ်ကိုအားလုံးကိုကျွန်ုပ်တွေ့သော် အလွန် ဝမ်းသာလျက်ရှိပါသည်။

38 ၃၈။ အခြားသောနေ့တနေ့ညီအကိုဒေါက် က ကျွန်ုပ်ကိုခေါ်ပါသည်။ လီမာ အော်ဟီးယိုး ခရီးသည် အင်မတန်မှဝေးကွာကြောင်းကိုကျွန်ုပ်မစဉ်း စားခဲ့ပါ။ လမ်းခရီးသည် ကြမ်းတမ်း၍ ခုန်ဆွခုန်ဆွဖြင့် ရောက်လာပါသည်။ သို့သော်ထိုနံနက်တွင်မနက်စောစောမှ ညတစ်နာရီတိုင်အောင် မော်တော်ကား ကို အပြင်းနှင်ခဲ့ရပါသည်။ထို့ကြောင့် တောင်ဖက်မှသော်ငှင်း၊ မြောက်ဖက်မှသော်ငှင်း၊ အားလုံးသွား ရောက် ကြည့်ရန်အတွက်အချိန်ရမည်ဟု မထင်ပါ။

သင်အပေါ်၌ ကျွန်ုပ်ကောင်းရခြင်းသည်လည်း သင့်ကိုကျွန်ုပ်မေတ္တာရှိသော ကြောင့် ဖြစ်ပါသည်။

39 ၃၉။ တလောတုန်းကညီအစ်ကို ခရစ်(စ်) ဤနေရာ၌ အခြားသောပုဂ္ဂိုလ်များနှင့် တွေ့ခဲ့ပါသည်။ ကျွန်ုပ်တွေ့သည့်အချိန်မှစ၍တနှစ်ပတ်လုံးအတူတကွ မိတ်သဟာယဖွဲ့ပြီး အတူတကွလာရောက်နိုင်ခဲ့ပါ သည်။ နှစ်ညလွန်ပြီး အချိန်ဟု ကျွန်ုပ်ထင်ပါသည်။ မေရီဂျိုး ဓါတ်ပုံအား ကျွန်ုပ်ကြည့်ပါသည်။ ကျွန်ုပ်အား ပထမဦးဆုံးတွေ့သည့်အချိန်သိပ်မကြာမှီတွင် အိမ်ထောင်ကျ သွားပါသည်။ ယခု ခလေးလည်းရမည်ဟု ယုံကြည်ပါသည်။ ညီအကိုခရစ်(စ်)နှင့် ညီမခရစ်(စ်)တို့သည် ထိုအချိန်တွင် ခလေးသူငယ်များသာဖြစ်၍ ဆံပင်နက် မှောင်၍ချစ်စရာကောင်းပါသည်။ ထိုနောက် မီဒါးနှင့် ကျွန်ုပ်သည် ဆံပင်ဖြူပြီး ခါတိုင်း၌နှိမ့်ချသောပုဂ္ဂိုလ်များ ဖြစ်ပါသည်။ အချို့သောသူများလည်း အထက်ပါပုဂ္ဂိုလ်ဖြစ်ပါသည်။ အားလုံး အတူတူပင်။ထို့နောက်သူတို့နှင့် တကွနေရန် နေဖို့ရန်သဘောတူပါသလား? ဤအကြောင်းအရာ၌ သင်၏စိတ် နှလုံးထိခိုက်မည့်အရာလည်းရှိပါသည်။ အချို့သောပုဂ္ဂိုလ်များကို ဥပမာဖြင့် အသုံးပြုပါသည်။ ထိုအရာတို့သည် ခလေးနှင့်လူကြီးများ ဖြစ်ပါသည်။ ကွဲလာ မည့်ပုဂ္ဂိုလ်အား စောင့်မျှော်လျက်ရှိပါသည်။

40 ၄၀။ ထို့နောက်ဤမနက်ဥပုဒ်စာဖြေခလေးများ သင်နိုင်ရန်အတွက် ကျွန်ုပ်နှလုံး၌ လမ်းပြတော်မူပါ။ ကျွန်ုပ်၏အချိန်များကိုသင်လက်၌ အပ်နှံပါ၏။ သင်ကြိုက် နှစ်သက်သလို အသုံးပြုတော်မူပါ။ မိမိသည်ကျွန်ုပ်တို့၏နောက်ဆုံးနေ့ရက်အ ချိန်လည်း ဖြစ်ပါသည်။

41 ၄၁။ ကျွန်ုပ်လုပ်သကဲ့သို့လုပ်ပြီးသတင်းကောင်းအားဝေငှသက်သေခံရန်အတွက် သန့်ရှင်းသော ဝိညာဉ်တော်ကောင်းကြီးခံစားသော ညီကိုသတိရရန် လိုအပ်ပါသည်။ တစ်ချိန်ချိန်တွင် ညီအကိုနယ်ဗလီသည် သင်တို့ထံမှလာရောက် တွေ့ဆုံမည်ဟုယုံကြည်ပါသည်။ သူယေရှုခရစ်တော်၏ ကြီးမြတ်သောအစေခံလူ ဖြစ်ပါသည်။

ကျွန်ုပ်တို့ ငယ်စဉ်အခါတွင်ပင် အော်မန်းနယ်ဗီးလ်လီ သိခဲ့ရပါသည်။ သန့်ရှင်းမြင့် မြတ်ပြီး ဘုရားသခင်အကြောင်းကိုသာ စဉ်းစားသောပုဂ္ဂိုလ်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ဦးစွာတွေ့ဆုံသည့်အချိန်က မက်သဒစ် အသင်းတော်မှ တရားဟော ဘိတ်ခေါ်ခံခဲ့သည်ကိုအစဉ်သတိရနေခဲ့ရပါသည်။ ထို့နောက် ဝတ်ပြုစည်းဝေး နောက်ပိုင်း ပြန်လာသည့်အချိန်တနေ့နေ့တွင်ယေရှုခရစ်တော်နာမ၌ဗတ္တိဇံခံ ရန် ကျွန်ုပ်စဉ်းစားခဲ့ပါသည်။ ယခု သူသည်ဧဝံဂေလိတရားနှင့်အတူရှိ၍အမှု တော်ဆောင်အနေဖြင့် သစ္စာရှိစွာ အမှုတော်ဆောင်လျက် ရှိပါသည်။

42 ၄၂။ ညီအစ်ကိုနေဗီးလီသည်စိတ်ပါကိုယ်ရောက် အမှုတော်ဆောင်သော ပုဂ္ဂိုလ်ဖြစ်ပါသည်။ ယခု ဤဗိမာန်တော်တွင် မိမိကိုယ်ကိုမထင်ရှားစေလိုသည့်အတွက် လည်းဖြစ်သည်။ သို့သော် လူတွေရဲ့စိတ်နှလုံးထဲမှ ဘုရားသခင် အလုပ်လုပ်တော်မူလျှင်အရာခပ်သိမ်းသည် ကောင်းမွန်စွာဖြင့် အောင်မြင် မည်ဟု ယုံကြည်ပါသည်။ ထို့ကြောင့် သူသည်ဒုက္ခဆင်းရဲနှင့် ပင်ပန်းခြင်း၏ အောက်မှာ ဆက်လက်လျောက်သွားမည်ဖြစ်ပါသည်။ ထို့ကြောင့်ပရိသတ်များ ယောရှုနှင့်ကာလက်တို့သည် မောရှေ၏လက်ကို ကိုင်မထားသကဲ့သို့ ဤပုဂ္ဂိုလ် ကိုလည်းကိုင်ထားကြပါ။

43 ၄၃။ မည်ကဲ့သို့ဖြစ်စေကာမူတဦးနှင့်တဦးမေတ္တာထားကြပါ။ စာတန်သည်အရာ ခပ်သိမ်းကို အလေးမထားပါ။ သင်တို့သည်ကြီးသောအမှုကိုပြုနိုင်သောသူများ ဖြစ်ကြပါသည်။ မည်သည့်အကြောင်းအရာမှ ကြောက်စရာမလိုပါ။ စုံစမ်း နှောက်ယှက်ခြင်းရောက်လာသော်လည်း ကိုယ်တော်၏စကား၌ တည်နေလော့။ ထိုကဲ့သို့အသက်ရှင်လျှင် စာတန်သည်သင်တို့ကိုနှောက်ယှက်နိုင်မည် မဟုတ်ပါ။ စာတန်က မဟုတ်ဘူး ... စာတန်သည်သူ၏ရည်ရွယ်ချက်များ အောင်မြင်ဘို့ရန်အတွက် တယောက်ယောက်ကို အသုံးပြုတတ်ပါသည်။ ထို့ပြင် မယုံကြည် သူများနှင့် အပြစ်တင်နှောက်ယှက်သူများကိုသူတို့အထဲတွင် ပါဝင်ခိုင်းတတ်ပါ သည်။ ထို့ကြောင့် အသင်းတော်အတွင်း(သို့) ကျွန်ုပ်တို့များအတွင်းအဆိပ်ထည့်တတ်ပါသည်။ ထိုသူကို ကျွန်ုပ်တို့ အထဲမှမောင်းထုတ်လို့ရပါသ လား။ မရပါဟုဖြေကြပါသည်။ထို့ကြောင့် ကျွန်ုပ်သည်သူတို့ကို မှန်ကန်ဖြောင့် မတ်စွာအသက်ရှင်ကာ တစ်ဦးနှင့်တစ်ဦးမေတ္တာထားကြလော့။ ထိုမကောင်း သောသူတွက် ဆုတောင်းကြပါ။ ထိုသူလည်း ကယ်တင်ခြင်းရနိုင်မည့်အကြောင်းမည်ကဲ့သို့ဖြစ်စေကာမူ ကြိုးစား၍ဆုတောင်းပြီး မေတ္တာအပြည့်အဝဖြင့် အသက်ရှင်ဘို့ရန် လေးနက်စွာတိုက်တွန်းပါသည်။

သင်းအုပ်ဆရာနား၌ အမြဲနေထိုင်ပြီး သူသည်သိုးထိန်းဖြစ်သောကြောင့်ဦး စားပေး၍ ရို၏သေကြပါ။ သင်းအုပ်ဆရာကိုလည်း ထိုကဲ့သို့ ဖြစ်လာဘို့ရန် ဘိတ်သိတ်ပေးခြင်းခံရပါသည်။ (သိက္ခာတော်ရဆရာတော်များ)

44 ၄၄။ ယခုထိုအရာများကိုနားလည်ပါသလား။ (ပရိသတ်ထံမှ မှန်ကန်ပါ၏။ အာ မင်ဟု ဆိုပါသည်။) ကျွန်ုပ်တို့ရန်သူသည် လာဘို့ရန်သေချာပါသည်။ထိုပုဂ္ဂိုလ် လာသည့် အချိန်တွင်လည်း ကျွန်ုပ်တို့အားလုံး တလုံးတဝတည်း စုစည်းဘို့ရန်အရေးကြီး လှပါသည်။ ထို့ကြောင့် ကျွန်ုပ်အထဲတွင် အပြစ်တစုံတစ်ယောက် ပြုလုပ်မိခဲ့သော်မောင်းထုတ်ဘို့ရန်သာ ဖြစ်ပါသည်။

အသင်းတော်တပါး လူတမျိုးတမျိုးတည်း၌ နေကြလော့။သင်တို့အားလုံး တစ်လုံးတစ်ဝတည်း(သို့) တဦးတည်းဖြစ်ပါသည်။ ဘယ်ဖက်လက်ကို သင်သည် ညာဖက်လက်မဟုတ်သောကြောင့်ကျွန်ုပ် အလိုမရှိပါ။ (သို့)အသုံးမဝင်ပါ။ ခုတ်ပစ်လိုက်မည် ဟုမပြောပါနှင့်။ ညာဖက်လက်ကလည်း သင်သည် ကျွန်ုပ်၏ လက်ဖြစ်သည်။ ခန္ဓာကိုယ်၏ အစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။အမြဲတမ်းရှိ လော့ဟု ပြောဆိုရမည်။ လက်ချောင်းများလည်း ခန္ဓာကိုယ်၏အစိတ်အပိုင်း တစ်ခုဖြစ်သည့်နည်းတူ လိုအပ်သည့်နေရာတွင် အသုံးပြုရန် ဖြစ်သည်။ ထိုကဲ့သို့ ဘုရားသခင်သည် ယုံကြည်သူများကိုတစ်ဦးနှင့်တစ်ဦး စုစည်းပြီး မေတ္တာထား ဘို့ အလိုရှိပါသည်။

45 ၄၅။ ထို့ကြောင့်ယခုထိုအရာများကိုဖမ်းထားသည့် တိတ်ခွေသင်၌ရှိပြီးဖြစ်သည်။ အထက်အရပ်ဘုံဖြစ် သော ကောင်းကင်နိုင်ငံတော်တွင်အတူတကွနေထိုင် နိုင်ရန် ကျွန်ုပ်တို့၏ယုံကြည်ချက် ဘုရားဝတ်ပြုရာ တွင် ခရစ်ယာန်အသက်တာတွင် သူတပါးအတွက် သက်သေဖြစ်ရသော သင်ကြားခြင်း အခွေလည်းသင်၌ ရှိပြီဖြစ်သည်။ ဘုရားသခင်သင်၌ဧကန်အမှန်ရှိမည်ဆိုပါက မိမိ၏ အိမ်ထဲတွင် အနားယူထိုင်နေခြင်းကို မပြုဘဲ အိမ်နားနီးချင်းမိတ်ဆွေသူငယ်ချင်းများ၏ တံခါးခေါက်၍ သူတို့နှင့်အတူမိတ်သဟာရ သွားဖွဲ့ပါ။

ထိုကဲ့သို့ ပြုလုပ်ရန်စိတ်ဆန္ဒမရှိခဲ့သော ဆုတောင်းဘို့ရန် မလိုအပ်ကြောင်း မိမိကိုယ် မိမိသိပါ။

အကြောင်းမှာ နောက်ဆုံးသောကာလအချိန် ရောက်နေပါပြီ။ကျွန်ုပ်၏ ကျမ်း စာသည် ထိုကဲ့သို့ပြုလုပ်ရန် အမိန့်ပေးထားပါသည်။ ကျွန်ုပ်တို့မြင်ရကြားရသည့် အတိုင်း သခင်ဘုရားနေ့သည် လွန်စွာနီးကပ်လာပါပြီ။ ထို့ကြောင့် တစ်ဦးနှင့် တစ်ဦးမေတ္တာထားကြပါစို့။ မိုးကောင်းကင်၌ခရစ်တော်နှင့်အတူ အားလုံး တဖန်ပြန် လည် တွေ့ဆုံရမည့်အတွက်တစ်ဦးနှင့်တစ်ဦးမေတ္တာထားကြပါစို့။ ယေရှုခရစ်တော်သည်ထိုကဲ့သို့ တစ်ဦးနှင့်တစ်ဦး မေတ္တာထားလျှင် ငါ၏တပည့် အမှန်ဖြစ်ကြ၏။ ထိုအရာ သင်တို့သိကြလိမ့်မည်ဟုပြောပါသည်။

မှန်ကန်ပါ၏။ သင်တို့လည်း တဦးနှင့်တဦး မေတ္တာဖလှယ်ကြပါစို့။

46 ၄၆။ သင်၏ညီအကို(သို့)ညီမ(သို့) တခုအပြစ်ပြုလုပ်မိခဲ့သော် ပြစ်တင်ရှုံ့ချခြင်း မရှိဘဲ မိမိကိုယ်တိုင်ထိုအပြစ်ကိုမလုပ်မိရန် သခင်ဘုရား၌ ဆက်ကပ်လော့။ အဘယ်ကြောင့်ဆိုသော် ထိုအရာများသည် အပြစ်သွေးဆောင်ရာသို့လိုက်ပါသွားပြီး သင်၌ရှိသော ခရစ်တော်ကို မောင်းထုတ်မိပါလိမ့်မည်။ ထိုအရာများ သည် ဂုဏ်ပြိုင်ခြင်း၊သူတပါး ပစ္စည်းပျက်စီးရန် လိုလားခြင်း၊ မနာလိုခြင်း နှင့်မုန်းတီးခြင်း၊ လစ်လျူရှုခြင်းတို့သည်ဖန်ဆင်းသူအဆိပ်မှ ဖြစ်လာပါသည်။ ထိုအရာသည် သင်၌ရှိသောသန့်ရှင်းသော ဝိညာဉ်တော်(သို့)ဝိညာဉ်ရေးရာ သေအောင် ပြုလုပ်ခြင်းဖြစ်သည်။ သူသည် အရာခပ်သိမ်းတို့ကို ဖျက်ဆီးလို ပါသည်။သို့သော် သင်မူကား ထိုအရာများကိုရှောင်လော့။

သင်တို့သည်တလုံးတဝတည်းနေပြီး သစ္စာတည်းဟူသောခါးပန်းကိုစည်းကြ လော့။ တစ်ညက ယုံကြည်သူ တဦးသည် အသင်းတော်အမှုတော် ခါးပတ်နှင့်ပတ်သောဆိုသည့်ရူပါရုံမြင်တွေ့သကဲ့သို့ ဖြစ်သည်။ ထိုအရာသည် ဘုရားသခင်၏လက်နက် အကောင်းဆုံး ဖြစ်ပါသည်။ သင်၏ညီမကိုလမ်းပြ၍ခိုင်မြဲစွာ လက်တွဲခြင်းဖြင့် ချမ်းသာရလိမ့်မည်။ မည်ကဲ့သို့ဖြစ်စေကာမူ တဦးနှင့်တဦးမေတ္တာထားကြလော့။ မည်သူမဆို ကောင်းသောသတင်းကိုသာ ပြောပါ။ ညီကိုကောင်းစားဘို့အတွက်သာပြောဆိုကြပါ။ ထိုသို့ပြုလုပ်ခဲ့သောသူ ကို ဘုရားသခင် ကောင်းကြီးပေးတော်မူလိမ့်မည်။

47 ၄၇။ ထို့ကြောင့်ဤမနက်တွင်ဘုရားသခင်၏ကျေးဇူးတော်နှင့် ဂရုဏာတော်သည် ကျွန်ုပ်အပေါ်၌ ကျရောက်တော်မူ၏။ ဘုရားသခင်နှင့်ဆိုင်ရာမေးခွန်းမြောက် မြားစွာ ရောက်လာပါသည်။ ယခုမေးခွန်းများ ကို မဖြေမီကက်ဆက်ခွေအတွင်း၌သွင်းထားသော သတင်းကောင်းကို ဘုရားသခင်ကျေးဇူးတော်အား ဖြင့် နားထောင်ကြပါစို့။ ပထမဦးစွာဆုတောင်းသံဖြစ်သည်။

48 ၄၈။ အိုးသခင်ယေရှု ဤအသင်းတော်သည် ဘုရားသခင်ပြောင်းလဲသော လက်ျာ လက်တော်ဖြင့် ခိုင်မြဲစွာရပ်တည်နေရန်သူတို့အသင်းတော်ပေါ်၌ စကားပြော တော်မူပါ။ ယုံကြည်သူများကိုလည်း အမြဲပင်အသင့်ရှိရန်အမိန့်ပေးတော် မူပါ။ တမန်တော်ပေါလုသည် သူ၏သိုးသငယ်များကို အမိန့်ပေးသည့်အတိုင်း အမိန့်ပေးတော်မူပါ။ သို့မဟုတ်လျှင် တောရိုင်းတိရိစ္ဆာန်များ ဝင်ရောက်လာ ပါလိမ့် မည်။ ကိုယ်တော်သည်မနေ့၊ ယနေ့၊ နောင်ကာလမပြောင်းလဲသော ဘုရား ဖြစ်ပါသည်။ ကိုယ်တော်သည် ယနေ့မပြောင်းလဲသကဲ့သို့ဝိညာဉ်တိုက်ပွဲသည် လည်း အမြဲရှိပါသည်။ ယေရှုခရစ်တော်၌ ဤအသင်းတော်များသည် တလုံးတဝတည်းနှင့်ကိုယ်တော်ရှင်မေတ္တာ၌တည်စေရန်ကိုယ်တော်ရှင်လက် ၌ ဆက်ကပ်ပါသည်။

ကိုယ်တော် ဤမနက်တွင်ကျွန်ုပ်တို့ကို ကူညီမစတော်မူပါ။ကိုယ်တော်၏ သမ္မာကျမ်းစာ၌ ကျွန်ုပ်တို့ တွေ့ရသကဲ့သို့အသင်းတော်များသည် ကိုယ်တော်ရှင်၌တည်ရှိနေပါမည်အကြောင်း သန့်ရှင်းသောဝိညာဉ် သက်ရောက်စေ တော်မူပါ။ သန့်ရှင်းသောသူများ၌ယုံကြည်ခြင်းကို ဖော်ပြပေးသည့်အတိုင်း ယုံကြည်ခြင်းကို ဖော်ပြပေးတော်မူပါ။ ထိုအပြင်ပြီးခဲ့သော(၂)နှစ်ခန့်တွင် ကျွနု်ပ်တို့ ယူပါရုံတွေ့ခဲ့သည့်အတိုင်း ကျန်းမာခြင်းနှင့်စားသောက်ဘို့ရန်အ တွက် စုဆောင်းထားခဲ့သည့်အတိုင်း ဤအသင်းတော်၌လည်း သောက်ရေအိုး ၌ရေပြည့်နေသကဲ့သို့နှင့်ရေထည့်ရန်စည်ပိုင်းများ၌ ရှိသောရေများမခန်း သည့်နည်းတူ စားဘို့သောက်ဘို့ ကိုယ်တော်ချပေးတော်မူပါ။(သို့)ယခု ကျွန်ုပ် တို့အထဲ၌ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ခွန်အားရရှိဘို့ရန် ယေရှုခရစ်တော်၏ဖော်ပြချက် အကြောင်းအရာများကို တိတ်ခွေများ မြောက်များစွာ ပေးတော်မူပါ။

49 ၄၉။ အို... ကိုယ်တော်၏သားသမီးများရှိသော နေရာအသီးသီး၌သော်၎င်း၊ နေရာ အသီးသီးမှလာသော သားသမီးများအပေါ်၌၎င်းကောင်းကြီးပေးတော်မူပါ။ ပူအိုက်သည့်အချိန်ကာလ ဖြစ်သော်လည်း သန့်ရှင်းသောဝိညာဉ်တော်သည်ကျွန်ုပ်တို့နှင့်အတူ ရှိပါသည်။

ဂျွန်ဝပ်စလီနှင့်ကာဘင်း စမ်းကီးနှင့်နောက်(စ်)နှင့်ဖီနီတို့ဦးဆောင်ခြင်းအဖွဲ့တွင် လျှပ်စစ်ပန်ကာလည်းမ ရှိပါ။ ထိုသူများ၏ သာသနာကွင်းတွင်တရားနာကြသော ပုဂ္ဂိုလ်တို့သည် ချွေးတဒီးဒီးကျလျက် မျက်နှာ(သို့)လက်များတွင်စိုရွှဲလျက်ရှိလိမ့်မည်ဟုယုံကြည်ပါသည်။ မိမိကိုယ်ကို မိမိအစွမ်း ကုန်ပြင်ဆင် ထားသော အမျိုးသမီးတစ်ဦးသည် ဝတ်ပြုစည်းဝေး၌ထိုင်ပြီးသူ၏အဝတ်အစားများသည် စိုရွှဲသည့်တိုင် အောင် သူ၏ဝိညာဉ်တွက် ဘုရားသခင်၏နှုတ်ကပတ်တော်ကိုစိတ်ဝင်စားစွာနား ထောင်နေသည်။ အိုး ...သခင်ဘုရား ယခု သူတို့သည်မည်သည့် နေရာမဆို ယေရှုခရစ်တော်ကြွလာမည့်အချိန်ကိုစောင့်ကြို လျက်ရှိကြပါသည်။

50 ၅၀။ အိုး...အဘဘုရား ကိုယ်တော်ကျွန်ုပ်တို့ကို ပို့ဆောင်ပေးရုံမကဘဲ သန့်ရှင်း သောဝိညာဉ်သည် ကျွန်ုပ်တို့အပေါ်သို့သက်ရောက်ပါစေ။ ကိုယ်တော်ရှင်၏ သာသနာလုပ်ငန်းလုပ်ဆောင်နိုင်ရန်အတွက် ကျွန်ုပ်အသက်တာလည်းရှည် စေတော်မူပါ။ကျွနု်ပ်တို့မျှော်လင့်သည့်အတိုင်း ဤမနက်၌ သတင်းကောင်း ကို တိကျစွာသိစေတော်မူပါ။ ကျွန်ုပ်တို့နှလုံးထဲ၌ကိုယ်တော်ရှင်၏ မျိုးစေ့ပျိုး ပြီးကျွန်ုပ်၏နှုတ်ကို ကိုယ်တော်ရှင် ဖွင့်ပေးတော်မူပါ။ကျွန်ုပ်၌ကိုယ်တော်ရှင် ၏ သမ္မာတရားအစစ်အမှန်ကို သိစေတော်မူပါ။ ကိုယ်တော်ရှင်၏ နှုတ်ကပတ်တော်ကိုသိစေရန်အတွက် ကျွန်ုပ်၏စိတ်နှလုံးတံခါးကို ဖွင့်ပေးတော်မူပါ။ ထာဝရအသက်ကိုသစ်ပင်သည်ကြီးထွား

သီးပွင့်လာသကဲ့သို့ ကြီးထွားစေ တော်မူပါ။ သူတပါးဖတ်ရန် ကျွန်ုပ်အသက်တာအလင်းထားတော်မူပါ။ ယေရှုခရစ်တော်သည်အသေခံတော်မူပြီး အသက်ရှင်တော်မူသည်ကို ကျွန်ုပ်တို့ အားသက်သေထူတော်မူပါ။ ကိုယ်တော်ရှင်မေတ္တာအားဖြင့် သားသမီးတို့ ပြည့်ဝစေပြီး သန့်ရှင်းသောဝိညာဉ်လူကြီး၊ လူငယ်၊ ခလေးများအားလုံးယေရှု ခရစ်တော်သည်လွန်ခဲ့သောနှစ်ပေါင်း (၂၀၀၀) မှစ၍ယခုထိတိုင်ကျွန်ုပ်တို့ အားသိစေတော်မူ၏။

အိုး ..သခင်ဘုရား ဖြောင့်မတ်သောအရှင်ကျွန်တော်၏ဆုတောင်းသံ နားညောင်းတော်မူပါ။ ယေရှုနာမ၌ တောင်းခံပါ၏။ အာမင်။

51 ၅၁။ ယခုကျွန်တော်ဘုရားသခင်နှုတ်ကပတ်တော်ကို ဖတ်ကြားလိုပါတယ်။ ရေး မှတ်ဘို့ရန်အတွက် ခဲတံနှင့်စာရွက်များအသင့်ရှိမည်ဟု ယုံကြည်ပါ၏။

ထို့နောက် ညီအကို နေဘေးလီး ရှိသေးတယ်နော်။ကျွန်ုပ်၏ကုတ် အင်္ကျီကိုခဏထားမယ်နော်။ ဟုတ်ကဲ့။ ..(ညီအကိုနေဘေးလီးက တဖန် ဟုတ်ကဲ့... ကောင်းပါ၏ဟု ပြောပါသည်။) အင်မတန်ပူအိုက်သော ကြောင့် ကုတ်အင်္ကျီ ချွတ်ထားရခြင်းဖြစ်ပါသည်။

52 ၅၂။ ကောလောသဲစာစောင်ကိုဖွင့်ကြပါစို့။ အခန်းကြီး(၁)ကို စတင်ဖတ်ကြား ကြရအောင်။ သင်အိမ် ရောက်သည့်အချိန်၌လည်းစဉ်းစားပြီး သေချာစွာဖတ် ကြည့်ဘို့ တိုက်တွန်းလိုပါတယ်။ သို့သော် ဤမနက်တွင် အခန်းငယ်(၁၅)မှအခန်းငယ်(၂၉)တိုင်အောင် ပရိသတ်များ ကျွန်ုပ်တို့နှင့်အတူ ဖတ်ကြားကြရ အောင်။

ယခု ကျေးဇူးပြု၍ ကောင်းစွာနားထောင်စေချင်ပါတယ်။ဘုရားသခင် ကျေးဇူး တော်အားဖြင့် ဤအကြောင်းအရာ အလုံးစုံတို့သည် သင့်နှလုံးအတွင်း၌ ဖွင့်ပြလိမ့်မည် ဖြစ်သည်။ ဤအရာများသည် တနေ့လုံးဘုရားရှင်၏ ဗိမာန်တော်ထဲ တွင် ဟောပြောခြင်းဆောင်ရွက်ခြင်း ဖြစ်ပါသည်။

ဟုတ်ကဲ့ ..ယခုအခန်းငယ်(၁၅)မှစ၍ ဖတ်ကြားကြပါစို့။ 'ထိုသားတော်သည် မျက်မြင်မရသောဘုရားသခင်၏ပုံသဏ္ဌာန်တော်ဖြစ်၏။ ဝေနေယျသတ္တဝါအပေါင်းတို့တွင်လည်း သားဦးဖြစ် တော်မူ၏။ ထိုသားတော်သည်ကောင်းကင်ပေါ် မြေကြီးပေါ်ရှိသမျှသော ရူပအရာ၊ အရူပအရာ၊ ရာဇပလ္လင်ဖြစ်စေ၊ အစိုးရခြင်းတန်ခိုးဖြစ်စေ၊ အထွဋ်အမြတ်ဖြစ်စေ၊ အာဏာစက်ဖြစ်စေ၊ ခပ်သိမ်း သောအရာတို့ကို ဖန်ဆင်းတော်မူ၏။ထိုသခင်အားဖြင့်၎င်း၊ ထိုသခင်အဘို့အလို့ ငှာ၎င်း၊ ခပ်သိမ်းသောအရာတို့သည် ဖန်ဆင်းလျက်ရှိကြ၏။' 'ထိုသခင် ခန္ဓာ (အသင်းတော်များ)ခေါင်းဖြစ်ပါသည်။ အရာခပ်သိမ်းတို့အပေါ်၌ အမြင့်မြတ်ဆုံးဖြစ်စေရန် သေခြင်းမှရှင် ပြန်ထမြောက်အဦးသီးသောသူဖြစ်ပါသည်။ ထိုသခင်၌ အရာခပ်သိမ်းတို့သည် ညီညွတ်၍ဘုရားသခင်၏စိတ်နှင့် တွေ့စေပါ သည်။

အခန်းငယ်(၁၉)တွင် အနည်းငယ်ချဲ့၍ ပြောချင်ပါသည်။ထိုသခင်၌ အရာခပ်သိမ်းနှင့်သင့်မြတ်စေခြင်း သည် ဘုရားသခင်၏စိတ်တော်နှင့်တွေ့စေသည်။ ထို့ကြောင့်လက်ဝါးကပ်တိုင်၏အသွေးတော်နှင့် သင့်မြတ်စေပြီးရုံသာမက ထိုသခင်၌ အရာခပ်သိမ်းတို့သည်သင့်မြတ်စေ၏။ ထိုသခင်၌မြေကြီးအရာဖြစ် စေ၊ ကောင်းကင်အရာဖြစ်စေ၊ အလုံးစုံတို့သိစေတော်မူ၏။စဉ်းစားကြပါစို့။ မသင့်မြတ်ခြင်းသည် သည်မည်သည့်အရာ၌ရှိမည်နည်း၊ ထိုအရာကို စဉ်းစားကြည့်ပါ။တခါတရံ သင်၏စဉ်းစားမှု နှောင့်နှေးတဲ့အချိန်ရှိတတ်ပါသည်။ ထိုအချိန်တွင် သင့်ကိုနေရာယူတတ်ပါသည်။ ထို့ကြောင့် ယခုသင်၏နှ လုံးတွင်အပြစ်နှင့်ကားတိုင်သည် သင့်မြတ်စေခဲ့ပါသည်။ ကိုယ်တော်၏အသေခံခြင်းတွင် ခန္ဓာသည်ကိုယ် တော်၌ အင်္ဂါပြည့်စုံ၍ သန့်ရှင်းခြင်း အသက်တာဖြင့်အသက်ရှင်စေရန် ကိုယ်တော်အသက်ပေးခဲ့ပါသည်။ ကျွန်ုပ်ဘုရားသခင်၏ကျွန် ဖြစ်သောပေါလုသည်နေရာတိုင်းသွားရောက်၍ နှုတ်ကပတ်တော်ဝေငှသည့်အ တိုင်းပင် သင်တို့သည် လုံးဝယုံကြည် လက်ခံပါ။ထိုယုံကြည်ခြင်း၌ ခိုင်မြဲစွာရပ် တည်ပြီး အသက်ရှင်ပါ။ ကျွန်ုပ်၏ ဆင်းရဲဒုက္ခခံစားရခြင်းကိုဝမ်းမြောက်ပါ၏။ ခရစ်တော်၏ခန္ဓာ အသင်းတော်များသည် တိုးတက် စေရန်အတွက် ဘုရားသခင် ပြုပြင်ပြောင်းလဲ၍ကျွန်ုပ်ပြောင်းလဲသွားသည်။ ဘုရားသခင်နှုတ်ကပတ် တော်သည် သင်တို့၌ပြီး ပြည့်စုံစေရန်ဘုရားသခင်ကျေးဇူးတော်အားဖြင့် သက်သေခံဘို့ရန်နှင့် တမန်တော်အရာ(သို့) အမှုတော်ဆောင်ပုဂ္ဂိုလ်အဖြစ်ရွေးဝယ် ထားသည်။ ဤရူပါရုံ(အံ့ဘွယ်ရာ)သည် ကုန်ဆုံးသည့်အချိန်တိုင်အောင် ယခုသူ ၏ သန့်ရှင်းသောသူတို့အပေါ်သို့ ဖော်ပြလျက် ရှိပါသည်။

ထို့နောက် ဤအရာကိုပြန်၍ ပြောလိုပါသည်။ ဤရူပါရုံ(ဘုရားသခင်၏ဖော် ပြချက် အံ့သြဘွယ်)သည် တချိန်တုန်းက ဖုံးဖိ၍ နားမလည်သော်လည်း ယခု မူကားသန့်ရှင်းသူတို့ထဲမှ ဖွင့်ပြခြင်းဟု ဆိုထားပါသည်။ အခြားအမျိုးသားထံသို့ ဤကဲ့သို့သောဘုရားသခင်၏ဖော်ပြခြင်း အံ့သြဘွယ်ကို မည်ကဲ့သို့ သက်ရောက် စေသနည်း။ သင်၌ရှိသော ခရစ်တော်အားဖြင့်ယုံကြည်ခြင်းဖြင့် ကြီးမြတ်သော အရာများ သက်ရောက်စေပါသည်။ ယခု ဤဖော်ပြချက် သတိထားရမည်မှာကျွန်ုပ်တို့ဝေငှသော နှုတ်ကပတ်တော်နှင့် နက်နဲသောအရာများကို လက်ခံသော သူများတို့သည်ယေရှုခရစ်တော်၌ ပျက်စီးခြင်းမရှိရန် ဖြစ်ပါသည်။ ကျွန်ုပ်၌ရှိ သော ယေရှုခရစ်တော်ခွန်အားဖြင့်ကြိုးစား၍ အမှုဆောင်ရန် ဖြစ်ပါသည်။

53 ၅၃။ ထိုအရာထဲမှသမ္မာကျမ်းစာ ကျမ်းပိုဒ်ငယ်တခုကို ဝေငှလိုပါသည်။ ဘုရားသခင် ၏နက်နဲမှုကို ခရစ်တော်အားဖြင့်အံ့သြဘွယ်ဖော်ပြခြင်းဆိုသည့်အကြောင်းရင်း ဖြစ်ပါသည်။ ခရစ်တော်သည် ဘုရားသခင်၏နက်နဲမှုအရာများကိုခရစ်တော် အားဖြင့် သိစေပါသည်။ ယခု ဥပုဒ်စာဖြေ သင်ခန်းစာကို အတူတကွဖတ်ခြင်းသည် အချင်းချင်းမိတ်သဟာယဖွဲ့ခြင်း ဖော်ပြပါသည်။

54 ၅၄။ ယခုဤကမ္ဘာမတည်မရှိမှီကတည်းက ဘုရားသခင်နက်နဲမှုအရာများကို စဉ်းစား စီရင်ကြပါစို့။ ဘုရားသခင်၏နှလုံးသားထဲ၌ ဤနက်နဲသောအရာအား ဖော်ထုတ်ဘို့ရန် လွန်ခဲ့သောနှစ်ပေါင်း မြောက်မြား စွာကတည်းက အောင်မြင်ခဲ့ပြီး ဖြစ်ပါသည်။ ကိုယ်တော်၏ကိုယ်စား အဖြစ်မှန်ကို သိဘို့ရန်အတွက်ထာဝရ ကြံစည်သည့် အရာများသည် ဘုရားသခင်၏အကြံစည် ဖြစ်ပါသည်။ အဓိပ္ပါယ်မှာ ပထမအနေဖြင့်လ၊ကြယ်၊များနှင့် အက်တန် (သို့)သူတို့၏ မူလဗီဇ ဇကေန်အများ ပျောက်ဆုံးခြင်းမရှိဘဲ

အသေးဆုံးအမှုမဖြစ်သည့်တိုင်အောင် ထုထောင်းသောအရာ ဖြစ်ပါသည်။ ထိုအရာများသည် ဘုရားမဟုတ်ကြပါ။ အဘယ်ကြောင့်ဆိုသော်ဘုရားသခင်ဟု ဆိုရာ၌ ရှိခိုးခြင်း၊ ဝတ်ပြုကိုးကွယ်ခြင်း ရှိရမည် ဖြစ်ပါသည်။

ထို့နောက် သူ၏စိတ်နှလုံးထဲတွင် သူ၏ဖြစ်ရိုးဖြစ်စဉ်(ဇောက်အမှန်)သူ၏ကိုယ် စားပုံပမာအဖြစ် ယူကြသည်။ သူ၌မေတ္တာရှိ၏။ ဖခင်အရာ၌လည်း ရှိပါ၏။သားအရာ၌လည်း ရှိပါ၏။ကယ်တင်ရှင်အရာ၌လည်း ရှိပါ၏။ သမားတော်ကြီး အရာ၌ရှိပါ၏။ ထို့ကြောင့် ဤသူ၏ ပုံပန်းသဏ္ဌာန်မရှိဘဲနှင့်ကျွန်ုပ်တို့၏ မျက်စိရှေ့မှောက် တွင် ဘုရားရှင်၏ဂုဏ်တော်ကို သိခဲ့ရပါသည်။ အခြားသောဂုဏ်အင်္ဂါအားလုံးတို့သည်လည်း ဘုရားသခင် ၌ပြည့်ဝစေပါသည်။

55 ၅၅။ ထို့နောက်ကျွန်ုပ်တို့၏စဉ်းစားရာ၌ ကောင်းကင်တမန်များကို ဦးစွာဖန်ဆင်း သည်ဟု ယုံကြည်ပါ သည်။ ထိုကောင်းကင်တမန်တို့သည်လည်းကိုယ်တော်ကို ကိုးကွယ်ကြပါ၏။ ထိုသို့ကိုးကွယ်ခြင်း အားဖြင့်လည်း ဘုရား၏ဇာတိကိုပို၍ပေါ်လွင်စေသည်။ ဟုပို၍ယုံကြည်ပါသည်။ ထို့ကြောင့် ဘုရားသခင် သည်တည် ရှိနေခြင်းကို ယုံကြည်ပါသည်။ တချိန်တုန်းက သတင်းကောင်းကို ရှင်းလင်းစွာ ပြောလိုသည့် အရာကိုယခုတွင် ရှင်းလင်းသွားပါတော့သည်။ထို့ကြောင့် ယခု ကောင်းကင်တမန်များ ဘုရားကို ဝတ်ပြုကိုးကွယ်ခြင်းသည် ဘုရားဖြစ်ကြောင်းကို ပိုမိုပေါ်လွင် ထင်ရှားစေပါသည်။ ဤလောကသည် လွတ်လပ်လဟာဖြစ်၍ မှောင်မိုက်လျက် ရှိပါသည်။နေ၊ လ၊ ကြယ်နှင့်အခြားသောအရာ မဖန်ဆင်းသေး ပါ။ ထို့ကြောင့် ကိုယ်တော်သည် ဘုရားဖြစ်ပါသည်။ဘုရားသခင်သည် သူ၏ ကျွန်ယောဘကို မေးပါသည်။ ‘ဤကမ္ဘာစ တည်စဉ်တွင် သင်ဘယ်နေရာတွင် ရှိပါသနည်း။ ’ ကြယ်ကလေးများသီချင်းဆိုပြီး ဘုရားသခင်သားသမီးများကြွေး ကြော်နေသည့်အချိန် ဖော်ပြပါသည်။ ယခု သင်မည်သည့်နေရာ၌ ရှိသနည်း။ ဤအကြောင်းအရာသည်ကမ္ဘာမတည်ရှိမှီက ဖြစ်ပါသည်။

56 ၅၆။ ထိုအရာများသည်ဘုရားသခင်၏အကြံအစည် နက်နဲသောအရာများဖော် ထုတ်ခြင်း ဖြစ်ပါသည်။ ထိုအရာများကို ဤမနက်ဗိမာန်တော်၌ဟောကြားဘို့ ဖြစ်ပါသည်။ ကမ္ဘာမတည်မရှိခင် ဘုရားသခင်အကြံတွင်ရှိခဲ့သော ဘုရားရှင်၏ နက်နဲသောအရာဖော်ထုတ်ခြင်း ယခုကျွန်ုပ်အထဲတွင် ကျွနုပ်ဆီ၌ ရောက်လာ ပြီး ဖြစ်သည်။ ထိုနက်နဲသောအရာများကိုသင်ကိုယ်တိုင် သဘောပေါက်နား လည်ဘို့ရန် ကျွန်ုပ်ယုံကြည် စိတ်ချပါသည်။

57 ၅၇။ ဘုရားသခင်၏ဖော်ပြခြင်းအရာသည် နက်နဲသောအရာဖြစ်ပါသည်။ ဘုရားသခင်သည် ဝှက်ထား၍ မည်သူမျှ မသိပါ။ ကောင်းကင်မှကောင်းကင်တမန် လည်း မသိကြပါ။ မိမိကိုယ်မိမိ မဖော်ပြသေးသောကြောင့် ဖြစ်ပါသည်။ ထိုအရာသည်ကျွန်ုပ်တို့နားမလည်နိုင်သော အံ့သြဘွယ်(၇)ချက်ရှိဘို့ရန် အတွက် တာစူပါသည်။ ထိုတံဆိပ်(၇)ခုဖြင့်တံဆိပ်ခတ်ခြင်းခံရသောအရာများကို ဖွင့် သည့်အချိန်တွင် ငြိမ်ဝပ်သွားပါလိမ့်မည်။ ယေရှုခရစ်တော်ဤလောကသို့ကြွ လာစဉ်အခါတွင် ဒုတိယအကြိမ်ကြွလာခြင်းကို မေးမြန်းကြပါသည်။ သို့သော် လည်းကိုယ်တော်သည် အချိန်ကာလကို သိဘို့ရန်မလိုဟု ဖြေကြားခဲ့ပါသည်။ ထိုအချိန်ခါကို သားတော်ပင်မသိပါ။ကောင်းကင်မှကောင်းကင်တမန်များ လည်း ထိုအကြောင်းအရာများကို မသိပါဟု ဖြေကြားပါသည်။ ဟုတ်ကဲ့…ကြွ ရောက်လာမည့် အရာအားလုံးတို့သည် ဘုရားသခင်တပါးတည်းသာ သိပါသည်။ ဤနက်နဲသောအရာ ဖုံးထားခြင်းလည်းခံရပါသည်။ ထို့နောက် နာရီဝက်ခန့် ကောင်းကင်သည် ငြိမ်သက်လေသည်။ အကြောင်းမှာ ယောဟန်ပင်လျှင်ဤအ ကြောင်းအရာများကို မရေးဘို့ရန်ပြောသည့် အကြောင်းအရာများကို ကျွန်ုပ်တို့ အရှင်သခင်သည်ကြွရောက်လာဆဲ ဖြစ်ပါသည်။ ထို့အတွက်ကြောင့် ဖော်ထုတ် ခြင်း မခံရသေးပါ။ ဘယ်အချိန်၌သော်၎င်း၊မည်သို့ကြွလာမည်ကို မသိကြပါ။ သားတော်ကိုယ်တိုင် မသိသောအ ကြောင်းအရာသည် အင်မတန်ကောင်းပါ၏။

58 ၅၈။ ထို့နောက်ဖော်ထုတ်သည့်အချိန်တွင် သမ္မာကျမ်းစာ၌နေရာ အနှံ့အပြားတွေ့ ရပါသည်။ ထို့ကြောင့် သမ္မာကျမ်းစာအုပ်သည်ယေရှုခရစ်တော်၌ ဘုရားသခင်၏ နက်နဲသောအရာများကို ဖော်ထုတ်ခဲ့ပါသည်။ ဘုရားသခင်၏အကြံအစည်များကိုလည်း ရှင်းလင်းပြတ်သားစွာ ဖော်ပြထားပါသည်။ သမ္မာကျမ်းစာ၌ပြည့် စုံစွာ ဖော်ပြထားပါသည်။ သမ္မာကျမ်းစာတွင် တမန်တော်များ၏ အမှုဆောင် ခြင်းနှင့်ယုံကြည်သူ သန့်ရှင်းသူများ၏ ဘုရားသခင်နက်နဲသောအကြံအစည် များကို ဖော်ပြထားပြီးသကဲ့သို့ ဤနောက်ဆုံးသော အချိန်ကာလတွင် ဖော်ထုတ် ခဲ့ပါသည်။ထို့ကြောင့် ဤမနက်တွင် ဘုရားသခင် အကြံအစည်တွင်တည်ရှိခဲ့ပြီး သော ဘုရားသခင်၏ဖော်ပြခြင်းပြည့်စုံခြင်းအကြောင်းအရာများကို ဘုရား သခင်၏ကျေးဇူးတော်ကြောင့် သင်သိပြီး ဖြစ်သည်။

ထို့ကြောင့် ဤနှုတ်ကပတ်တော်၏ အကြောင်းအရာကိုသင်သိပြီးဖြစ်သည်။ အခြားသောသူများကိုလည်း ဤအကြောင်းအရာကို သွားရောက်သိစေမည်လော့။ ထို့ကြောင့်ဘုရားရှင်၏ရုပ်ပုံကို သင့်ကိုထပ်၍မလိုအပ်ဟု ယူဆပါသည်။ သင်အားလုံး သိရှိပြီးဖြစ်သောကြောင့်ဖြစ်ပါသည်။

59 ၅၉။ ဟုတ်ကဲ့…ဤအရာများကို သင်မှတ်လိုပါက မှတ်ယူနိုင်ပါသည်။ ကျမ်းချက်တော်များများကို ဖတ်လိုပါသည်။ ရှင်လုကာအခန်းကြီး၂၄ တွင် ဧမောက်သွား ရာလမ်း၌ တပြည့်တော်နှစ်ဦးအကြောင်း တွေ့ရပါသည်။ထိုပုဂ္ဂိုလ်နှစ်ဦးတို့ သည် ဖြစ်ပျက်ပြီးခဲ့သောအရာ အလုံးစုံတို့ကို အတူတကွဆွေး နွေးကြပါသည်။ထိုကဲ့သို့ ပြောဆိုချိန်အတွင်းမှာပင် ယေရှုခရစ်သည်မိမိကိုယ် မိမိဖော်ပြ၍ သူတို့ထံရောက်လာပါသည်။ထိုပုဂ္ဂိုလ်နှစ်ဦးမှာ ကိုယ်စိတ်နှစ်ပါးအားဖြင့် ယေရှုခရစ်၏ သံမှိုနှင့်ရိုက်ထားခြင်းကိုစဉ်းစား၍ဝမ်းနည်းစွာဖြင့် နှစ်ယောက်သားစ ကားပြော၍ လာကြပါသည်။

ထို့ကြောင့် ယေရှုခရစ်တော်သည် သူတို့နှင့်အတူတကွလိုက်သွားပါသည်။ ယေရှုက သူတို့ကို အဘယ်အကြောင်းအရာများကို ဆွေးနွေးသနည်းဟုမေးပါ သည်။ထိုသူနှစ်ဦးတို့သည် ဝမ်းနည်းကြေကွဲသောမျက်နှာနှင့် ရပ်ကြပါသည်။ ကိုယ်တော်က

သူတို့ထံသို့အချင်းလူမိုက်တို့ ပရောဖက်များဟောကြားသောအ လုံးစုံတို့ကို မဖတ်ဘူးကြသလော့။ ယေရှုခရစ်သည်လူသားများအတွက်ညှင်းပန်းနှိပ်စက်ခြင်းကိုခံပြီး ဘုရားသခင်ဘုန်းတော် မထင်ရှားသလော့ဟုမေးပါ သည်။ ထို့အပြင် ပရောဖက်များနှင့် ဆာလံဆရာများ ကြိုတင်ဟောကြားသည့် အတိုင်း ယခုယေရှုခရစ်တော်ကိုယ်တိုင်ပင်ဖော်ပြနေပြီမဟုတ်လော့။

60 ၆၀။ ထို့ကြောင့်ဤမနက် သင်တို့ထံတွင် ပြောရမည့်အရာအားလုံးတို့ကိုမပြောဘဲ ကျော်၍သွားကြရင်ကောင်းမယ်ဟုကျွန်ုပ်ပြောပါသည်။

61 ၆၁။ ယခုယေရှုခရစ်ကိုယ်တိုင် ဆာလံဆရာနှင့် ပရောဖက် အားလုံးတို့ရေးထားခဲ့ သည့် သူ၏အကြောင်းအရာများကိုရေးထားကြောင်း သက်သေခံပါသည်။ ထို့အပြင် ဓမ္မဟောင်းနှင့် ဓမ္မသစ်ကို လေ့လာသည့်အခါယေရှုအကြောင်းကို ညွှန်ပြလေ့ရှိပါသည်။ ထို့အပြင် ဆာလံကျမ်း၌ ပါဝင်သော သီချင်းသံများသည်ယေရှုအကြောင်းနှင့် စပ်ဆိုထားသော သီချင်းဖြစ်ပါသည်။

ဆာလံ (သီချင်းများ) (ဆာလံ၂၂)ကို ကြည့်လျှင်ကျွန်ုပ်တို့သခင် ယေရှုခရစ် တော် လက်ဝါးကပ်တိုင်၌ ချိတ်ဆွဲထားသောအချိန်ကာလနှင့် နှိုင်းယှဉ်ကြည့်လျှင် ‘ကျွန်ုပ်တို့ဘုရား ကျွန်ုပ်တို့ဘုရားအဘယ်ကြောင့်ကျွန်ုပ်ကို စွန့်ပစ်သနည်း’ ကျွန်ုပ်အရိုးများသည် အပိုင်းပိုင်းဖြတ်၍မကြည်သော မျက်လုံးနှင့်ကျွန်ုပ်၏ခြေ လက်များကို ပိုင်းဖြတ်ကြပါသည်။ ထိုကဲ့သို့ဖြစ်သော်လည်းဘဲ သူတို့၏ဗိမာန်တော်တွင် ဆာလံ (ချီးမွမ်း သီချင်း)များကို ဆိုလျက်ရှိပါသည်။ သန့်ရှင်းသောသူ များကိုရိုက်ထားကြပြီး ဖြစ်ပါသည်။ ထိုကဲ့သို့ အပြစ်ကြီးစွာ ကျူးလွန်နေသည့်အ ချိန်မှာပင် ဘာသာရေးခေါင်းဆောင်များအရာရှိများ ဆရာများက မျက်စိကန်း လျက်ပင် ပရောဖက်ကျမ်းများကို ဖတ်၍ချီးမွမ်း သီချင်းများဆိုကြပါသေးသည်။ ထိုအပြင် ပညတ်ချိုးဖြတ်ခြင်း အကြောင်းများကို ပြောကြပါသည်။ ထိုကဲ့သို့ပင်ယနေ့မနက်(သို့)ယခုကာလအချိန်တွင် ကျွန်ုပ်ကြုံတွေ့ရသည် မဟုတ်ပါလော့။

62 ၆၂။ ယခုသေချာစွာစဉ်းစားကြပါအုန်းစို့။ ကျွန်ုပ်ကိုယ်တိုင်ပင် အလျှင်အမြန် ပြောင်းလဲဘို့ လိုအပ်နေပါသည်။ဤအကြောင်းအရာတွင် သင်တို့ကိုကျွန်ုပ် သိစေလိုပါသည်။ မည်သည့်အကြောင်း အရာမှ ခက်ခဲစွာတွေးခေါ်ဘို့မလိုပါ။ဝမ်းမြောက်စွာဝတ်ပြု ကိုးကွယ်ခြင်းသည် မင်္ဂလာရှိပါ၏။ အာမင်ဟုပြောပါ သည်။

ထို့ကြောင့်ယခုသင်သည် ဘုရားသခင်၏စိတ်နှလုံးတော်ကိုသင်သိရှိမည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။ ထိုအကြောင်းအရာ အားလုံးတို့သည် ဘုရားသခင်၏ နက်နဲသောအကြောင်းကိုယခုဖွင့်ပြခြင်းခံရ မည်ဖြစ်သည်။ ထို့ကြောင့် ယခု ပြီးခဲ့သောကာလမှ ပရောဖက်များဟောကြားခဲ့သောအကြောင်းသမ္မာကျမ်း စာမှ ရှာဖွေကြပါစို့။

ယခုယေရှုက ဆာလံသီချင်းထဲမှသောငင်း၊ ပရောဖက်များရေးထားသော အကြောင်းအရာများမှာ ငါ့၏အ ကြောင်းကို ပြောကြသည်ဟုပြောပါ။ ထို့ကြောင့် ယခုယုဒပြစ်များကိုလိုက်လျှောက်သူများ၊သွန်သင် သူများနှင့်သန့် ရှင်းသူများတို့သည် ယခင်ကျင့်သကဲ့သို့ ယခုပင်ကျင့်၍ရပါသည်။

63 ၆၃။ ထို့ကြောင့်မှတ်ထားလော့၊သူတို့ငါ၏အကြောင်းအရာများကိုဟောပြောခဲ့ သည်ကို သက်သေထူကြောင်း သင်သိပြီးဖြစ်ပါသည်။ သင်မြင်တွေ့ခဲ့သောအ ကြောင်းအရာသည် သမ္မာကျမ်းစာထဲမှအကြောင်းအရာ ဖြစ်ပါသည်။ ယခု ကျွန်ုပ်ပြောနေသည့်အကြောင်းအရာပင်ဖြစ်ပါသည်။ သမ္မာကျမ်းစာသည် မှန်ကန်သော သမ္မာတရားဖြစ်ပါသည်။

64 ၆၄။ အခြားနေရာ၌လူနာခန်းတွင် ဆရာမကဘာသာရေး (သို့) အသင်းတော်ဆို သည့်အကြောင်းအရာများ ကျမအား ရှင်းလင်းစွာသိလိုပါသည်ဟုပြောပါ သည်။ ထိုဆရာမကပင် အဘယ်ကြောင့် အသင်းတော်တပါးနှင့်တပါး၊ အသင်း သားတစ်ဦးနှင့်တစ်ဦး၊ အဘယ်ကြောင့် မတည့်ကြသနည်း။ တခါတရံ အဘယ် ကြောင့် မိတ်သဟာယမဖွဲ့နိုင်သနည်းဟု မေးပါသည်။

ဒီလိုနှင့်ကျမ်းစာကပြောသည်ကို လေ့လာကြည့်ကြပါစို့။အကြောင်းမှာ သမ္မာတရားသည် ဘုရားသခင်ဖြစ်သောကြောင့် ဆိုသောစကားသည်မှန်ကန်ပါသလား၊ ထို့နောက်ယေရှုခရစ်တော်သည်ထိုအကြောင်းအရာကဲ့သို့ပင် သမ္မာတရားသည် ငါပင်ဖြစ်သည်ဟု ပြောပါသည်။ သမ္မာတရားသည် သင်ပြုပြင်ပြောင်းလဲ၍မရ ပါ။ ရှင်ယောဟန်ခရစ်ဝင်ကျမ်းတွင် ဤသို့ပါဝင်ပါသည်။ အစဦး၌နှုတ်ကပတ် တော်ရှိ၏။နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့်အတူ ရှိတော်မူ၏။ နှုတ်ကပတ်တော်သည်လည်း ဘုရားသခင်ဖြစ်တော်မူ၏။ အခန်းငယ်၁၄တွင် နှုတ်က ပတ်တော်သည် လူဇာတိကို ခံတော်မူ၏ဟုမိန့်တော်မူသည်ဟု ပြောဆိုပါသည်။

65 ၆၅။ ယေရှုခရစ်တော်သည်ဘုရားသခင်၏နှုတ်ကပတ်တော်၌ ပြောသည့် အကြောင်း အရာများသည် ငါ၏အကြောင်းအရာများ ဖြစ်သည်ဟုဆိုထားပါသည်။ ‘ထာဝ ရအသက်ရမည်ဟုသင်ယုံကြည်ပါသလား မှန်ကန်သောစကားပင် ဖြစ်ပါသည်။ ကျွန်ုပ်တို့ဆွေမျိုးများသည် ကျွန်ုပ်နှင့်သက်ဆိုင်ပါသည်။အကြောင်းမှာဆွေ မျိုးသားချင်းများ ဖြစ်သောကြောင့် ဖြစ်ပါသည်။ ကျွန်ုပ်မသွေးဆောင်လျှင်မည်သူမျှ ကျွန်ုပ်ထံလာ၍မရပါဆိုသည့် ကျွန်ုပ်ဂတိတော်အတိုင်း ကျွန်ုပ်ပြု လုပ်မည်ဟု မိန့်တော်မူ၏။ကျွန်ုပ်ကို မယုံကြည်သော်လည်း နိမိတ်လက္ခဏာအားဖြင့် ယုံကြည်ကြလော့။ အကြောင်းမှာ ကျွန်ုပ်ပြုလုပ်သောအကြောင်း အရာ (သို့)အလုပ်သည် ကျွန်ုပ်ကို သမ္မာတရားဖြစ်ကြောင်း သက်သေထူပါသည်။ ဟုတ်ပြီ.....ထိုသမ္မာတရားအကြောင်းကို သင်မရှင်းနိုင်သလော့။ သမ္မာကျမ်းစာတော်မြတ်ကို လှန်ကြပါစို့။နှုတ်ကပတ်တော်သည် ဤသို့မိန့်ဆိုထား ပါသည်။ မောရှေပညတ်တော်များ ပရောဖက်များနှင့် ဆာလံကျမ်းတို့၌ဟောကြားခဲ့သောအရာ အားလုံးတို့သည် ယေရှုခရစ်တော်အကြောင်းပင် ဖြစ်သည် ဟုပြောပြီး သက်သေထူလေပြီ။

66 ၆၆။ သမ္မာကျမ်းစာ၏အဓိကရည်ရွယ်ချက် အကြောင်းအရာမှာ ယေရှုခရစ်တော် ၏အကြောင်းအရာပင် ဖြစ်ပါသည်။ သမ္မာကျမ်းစာကိုဖတ်ရှုလေ့လာကြပါ စို့။ အခန်းကြီးတိုင်းသော်၎င်း၊ အခန်းငယ်တိုင်း၌သော်၎င်း၊ ခရစ်တော်ဟူသောစကားလုံး သင်မတွေ့ခဲ့လျှင် ထပ်၍ဖတ်ပါ။ ထိုကဲ့သို့ ထပ်ခါထပ်ခါဖတ်လျှင် သင်သည်ရှင်းလင်းသွားပါလိမ့်မည်။ သမ္မာကျမ်းစာသည် သင်မရှင်းခဲ့သောခ ရစ်တော်ကို သင်မတွေ့သေးဟု ယူဆလို့ရပါသည်။ကိုယ်တော်သည် သမ္မာတရား မှန် ဖြစ်ပါသည်။ ကျမ်းစာကိုဖတ်ရှုသည့်အခါ

ဘုရားသခင်သည် အစအဦး၌ဖန်ဆင်းသည့် အကြောင်းအရာများကို တွေ့ရပါသည်။ ထိုဖန်ဆင်းရှင်သည် ခရစ်တော်ဖြစ်ပါသည်။ ဖန်ဆင်းထားသော အရာအားလုံး၏ မြစ်ဖြစ်ပါသည်။ (အရာခပ်သိမ်းကို ဖန်ဆင်းပြီးကိုယ်တော်ရှင်၏လက်တော် နှင့်ကင်းသောအရာ တစုံတခုမျှ မရှိပါဟုပြောပါသည်။ အာမင် မှန်ကန်ပါ၏။) ဗျာဒိတ်ကျမ်း၌ရေးထားသောအရာ အလုံးစုံတို့သည် ယေရှုခရစ်တော်အကြောင်း ဖြစ်သည်ကို သက်သေပြခြင်းပင် ဖြစ်ပါသည်။

ထိုအကြောင်းအရာများကြောင့် ထပ်ဆင့်ထုတ်ထားသောဒံယေလ ဒုတိယစာစောင် မကာဘီ ဟုခေါ်ဝေါ်သောကျမ်းနှင့် အက်ဂျီစူပါကက်တရီ ဆိုသည့် စာအုပ်များနှင့်အခြားသော အကြောင်းအရာ စာအုပ်များကို ကျမ်းစာ၌မထည့်သွင်း ရသည့်အကြောင်း အရာများမှာအခြားကျမ်းစာနှင့်မတူသောကြောင့် ဖြစ်ပါ သည်။ ထိုအကြောင်းအရာများကြောင့် ထိုစာအုပ်တွင်ပါဝင်သည့်သေခြင်းတ ဖက်ကမ်း၌ ပါဝင်သည့်ငရဲလေးနှင့် အခြားသန့်ရှင်းသူများ၏ လမ်းကြောင်းနှင့် ဆန့်ကျင်သောအကြောင်းအရာပါဝင်သည့်အတွက်ကြောင့် မထည့်သွင်းထား ပါ။ အသင်းတော်ခေါ်ဝေါ်သော ဒီနိုမနေးရှင်းဟု ခေါ်သောဂိုဏ်းဂဏလည်း မပါဝင်ပါ။ ဘာသာရေးခံယူချက် ကျမ်းစာ၌မပါဝင်သော အခြေခံယုံ ကြည်ချက်များကိုလည်း မထည့်သွင်းပါ။ ထို့နောက် အထက်ပါအကြောင်းအရာ များကို သင်သိပြီးအချိန်ကာလတွင် သင်၏အတွေးအခေါ်များသည် ထိုအကြောင်းအရာ ပါဝင်မည်မဟုတ်တော့ချေ။ သို့သော် လူအများစုမှာတော့ဂိုဏ်း ဂဏနှင့်ပတ်သက်၍ စိတ်လှုပ်ရှားလျက်ရှိပါသည်။ (သစ်သားပြားတွင် အလှက နုကမာထွင်းထားသောဒါးငယ် တစ်ချောင်း ) ထိုအိမ်များကို ထည့်ဖြည့်ခြင်းဖြင့် ရောနှောသည့်အခါ စိတ်ရှုပ်စရာဖြစ်ပါသည်။ထိုပုဂ္ဂိုလ်များသည် မိမိကိုယ်ကို မိမိ ပြုပြင်ပြောင်းလဲ၍ မရတော့ပါ။ ဘုရားသခင်နှုတ်ကပတ်တော်သည်မနေ့၊ ယနေ့၊ နောင်ကာလ၊ မပြောင်းလဲဘဲ တည်ရှိတော်မူ၏။

67 ၆၇။ ထို့အပြင်လူမျိုးစုတို့အပေါ်တွင်လူမျိုးစုတို့ရှုံးနိမ့်သောအခါနှင့် ကျွန်ုပ်မွေးခြင်း ခံသောအချိန်မှသာ လျှင်ကောင်းစွာနားလည်ရမည်ဖြစ်ပါသည်။ ဤဖန်ဆင်း သောအရာအားလုံးတို့နှင့် ဘုရားသခင်၏ နက်နဲသော အကြံအစည်ကို ခရစ်တော်အားဖြင့်ထုတ်ဖော်ခဲ့ပါသည်။ အာမင် ဟုတ်ပါ၏။ ထိုအရာများ၏ ကောက် သောလမ်းကို ဖြောင့်စေပြီး တောင်ကြီးတောင်ငယ်တို့ကိုညီညာစေသည့်အချိန် ရောက်လိမ့်မည်။ ထိုအရာများသည် ဘာသာရေးဆိုင်ရာ စကားမဟုတ်ဘဲပါဝင်လာသည့်(သေးငယ်သောလွှကဲ့သို့) မသိနားမလည်လောက်အောင် ရှုပ်ထွေးစရာအကြောင်းအရာ ဖြစ်စေသည့် အကြောင်းအရာနှင့်အတူတူပင်ဖြစ်ကြောင်း ဆိုသည့် စကားကိုကျွန်ုပ်ပြောလိုပါသည်။

ထိုအတွက်ကြောင့် ဖြစ်ပါသည်။ ဤနေ့ ကျွန်ုပ်ကြည့်ရှုသောရုပ်ပုံကားချပ် မျက်မှောက်တွင် ရောက်ရှိလာသလို တည်ရှိနေသကဲ့သို့ ကြောက်ရွံ့စရာကောင်းသောအရာ ဖြစ်ပါသည်။ ကျွန်ုပ်ပြောသည့် ရည်ရွယ်ချက်ဖြစ်သည်။ အချို့သောပုဂ္ဂိုလ်များသည် ကျွန်ုပ်တို့သည်ယုံကြည်သူများဖြစ်ပါသည်။ နွားမကြီးကို ကြည့်ကြပါစို့။ အလုပ်လုပ်ပါသည်။ မြက်စိမ်းများကို စားပါသည်။သို့သော် ထိုနွားမသည် ထိုကဲ့သို့နေရန် ဖန်ဆင်းထားခြင်း ဖြစ်ပါသည်။ ထို့အတူ ဘုရားသခင်သည်မနေ့၊ ယနေ့၊ နောင်ကာလ မပြောင်းလဲဘဲ တည်ရှိတော်မူ၏။ သို့သော်လူသား သည် ပြောင်းလဲတတ်ပါသည်။ထို့အတူ သင်တွေ့ခဲ့သော ရုပ်ပုံကားချပ် သင်၏ စိတ်ကူးယဉ်များကို ဖျောက်ပြစ်ကြပါ။

68 ၆၈။ သမ္မာကျမ်းစာကထိုပုဂ္ဂိုလ်သည် ပြောင်းလဲခြင်းမရှိဟု ဖော်ပြထားပါသည်။ ရှင်ယောဟန်၁၄ း ၁၂ တွင် ဤကဲ့သို့မိန့်ဆိုထားပါသည်။ ‘ငါ့အမှန်အကန်ဆိုသည်ကားငါ့ကိုယုံကြည်သောသူသည် ငါပြုသော အမှုတို့ကို ပြုလိမ့်မည်။ ထိုအမှုထက်သာ၍ ကြီးသောအမှုတို့ကိုပြုလိမ့်မည်။’ ဟုမိန့်ဆိုထားပါသည်။ ကောင်းပါ၏။ ထိုအရာများသည်နောင်လာသည့်အချိန်ကာလတွက် ဖြစ်ပါ သည်။

ထိုအချိန်ကာလတွင် မသိနားမလည်သော အရာများရှိပါသည်။ထို့အပြင် ခြောက်သွေ့သောကန္တာရ၊ ပူပြင်းသောသဲသောင်ပြင်၌ နေလို့မရနိုင်လောက် အောင် နေခဲ့ရသောအချိန်ကာလပိုက်ကွန်အားဖြင့် ငါးမြောက်မြားစွာ ဖမ်းခဲ့ရ သည့်ဂါလိလဲကမ်းခြေတို့တွင် ပြန်လည်ခေါ်ဆောင်လာမည်မဟုတ်လော။

သင်၏မျက်စိ၌ သင်၏အမြင်မှန်ကန်ရန် အရေးကြီးပါသည်။ထိုအရာသည် ဘုရားရှင်၏ကြီးမြတ်သော ရုပ်ပုံကားချပ်ဖြစ်ပါသည်။ သင်ကောင်းစွာ မြင်နိုင်ဘို့ရန်အတွက်လမ်းတလမ်းတည်းသာရှိပါသည်။ ထိုလမ်းသည် ခရစ်တော်ပင် ဖြစ်ပါသည်။ ခရစ်တော်ကို သင်တွေ့သည့်အချိန်မှစ၍အရာခပ် သိမ်းအားလုံးကို ကြည်လင်စွာ မြင်တတ်ပါလိမ့်မည်။ ကျမ်းစာက မိန့်ဆိုခဲ့ပါ၏။ ထိုကျမ်းစာရည်ရွယ်ချက်လည်း ဤအရာပင် ဖြစ်ပါ၏။

69 ၆၉။ ယခုဤအကြောင်းအရာနှင့်ပတ်သက်၍ သင်၏စိတ်နှလုံးထဲတွင်မည်သည့် အရာနှင့် ထိတွေ့သ နည်း။ သင်ရွေးချယ်သောကျမ်းချက်ကိုသင် သဘောပေါက် လိမ့်မည်။ သက်သေခံမြောက်များစွာနှင့် ထိုသူနှင့်ငြိမ်းချမ်းပြီးငြိမ်သက်ခြင်း အစစ်အမှန်ရဘို့ရန်အတွက် အလွန်ခက်ခဲပါသည်။ ထိုပုဂ္ဂိုလ်သည် သူနှင့်အတူသွားလာခြင်း၊ အတူနေထိုင်ဘို့ရန် အလိုရှိပါသည်။ သို့သော် သင်၏ယူဆချက် နှင့် သင်၏လက်ခံပုံနှင့်မတူပါ။ သို့သော်သင်သည် ထိုအရာကို မစွန့်နိုင်ပါ။ ထိုအသက်တာဟောင်းတွင် သာနေလိုပါသည်။

ကျမ်းစာက အထူးဖော်ပြသည်မှာ ထိုသူ(ယေရှုခရစ်တော်)ဖြစ်ပါသည်။ ထို သူသည် သမ္မာတရားဖြစ်ပါသည်။ ပရောဖက်များနှင့် ဆာလံဆရာများ၌၎င်း၊ ကျမ်းစာသမိုင်းများတွင်လည်းတွေ့ရပါသည်။ သမ္မာကျမ်းစာ ပရောဖက်ကျမ်း များ ဖြစ်ပါသည်။ ထို့နောက် မေတ္တာစာစောင်ဟူ၍၎င်း၊ချီးမွမ်းခြင်း စာစောင် ဟု၎င်း၊ အသက်စာစောင်ဟူ၍၎င်း၊ ခရစ်တော်ကိုတွေ့ရပါလိမ့်မည်။ သမ္မာကျမ်းစာ၌ လာမည့်အနာဂတ် အကြောင်းများကိုလည်း ဖော်ပြထားပါသည်။ ရှေး သမိုင်းမှစ၍ ယခုတိုင်အောင်တည်လျက်ရှိပါသည်။ မည်သူက ပြောင်းလဲစေ နိုင်မည်နည်း။ ထိုပုဂ္ဂိုလ်သည် မနေ့၊ ယနေ့၊ နောင်ကာလ၊မ ပြောင်းလဲသော ခရစ်တော် ဖြစ်ပါသည်။

70 ၇၀။ ထို့နောက်သင်သည် ထိုပုဂ္ဂိုလ်ကိုမနေ့၊ ယနေ့၊ နောင်ကာလ၊ မပြောင်းလဲ သောပုဂ္ဂိုလ် ကိုလက်မခံသည့်အကြောင်းအရာများ သင်ပြောပါသည်။ ညီအ ကိုလီ ဘယ်ကိုသွားမလဲ ခင်ဗျာ။ ဤနေရာ၌ အင်မတန်ကြောက်မက်ဘွယ်ကောင်းသော ရုပ်ပုံကားချပ်ရှိသည်ဟု

ပြောပါသည်။ ထိုသူသည် သမိုင်းနှင့်ဂွင်း၊ ပရောဖက်နှင့်ဂွင်း၊ဆာလံကျမ်းတို့ဖြင့် ဖွဲ့စည်းထားသောကျမ်း ဖြစ်ပါသည်။ ထိုသူသည် အရာခပ်သိမ်းတို့၏အရှင်ဖြစ်ပါသည်။ ထိုသူကိုသင် လက်ခံနိုင်ပါသလား။ လက်မခံနိုင်ပါက သင်တွေ့ရသော ကြောက်စရာကောင်း၍ သင်ကြောက်စရာကောင်းသော ရုပ်ပုံကားချပ်နှင့်တူကြောင်း သတိရပါ။ နားလည်ပါသလား။ (လူထုကအာမင်ဟု ဆိုကြပါသည်။)

71 ၇၁။ ထိုပုဂ္ဂိုလ်သည်အရာခပ်သိမ်းတို့၏အရှင် ဖြစ်ပါသည်။ ပရောဖက်များသော် ဂွင်းင်း၊ ဆာလံသီချင်းများသော်ဂွင်းင်း၊ သမိုင်းစာအုပ်များတွင်ဂွင်း၊ တည်ရှိနေပါ သည်။ ထိုသူသည် ကြွလာမည့်ပုဂ္ဂိုလ် ဖြစ်ပါသည်။မနေ့၊ ယနေ့၊ နောင်ကာ လ မပြောင်းလဲသောပုဂ္ဂိုလ် ဖြစ်ပါသည်။ ဟေဗြဲ ၁၃း၈ တွင် ဖတ်သည့်အခါထိုပုဂ္ဂိုလ်သည် အရာခပ်သိမ်း ဇစ်မြစ်ဖြစ်ကြောင်း တွေ့ရပါသည်။ ထိုအရာအကြောင်းအရာများကိုကျွန်ုပ်ယုံကြည်၍ လက်ခံနိုင်ပါသည်။ သင်လက် ခံနိုင်ပါသလား။ (လူထုမှ အာမင်ဟုဆိုပါသည်။)ထိုအကြောင်းအရာကြောင့် ထိုသူသည် ထိုကဲ့သို့သောပုဂ္ဂိုလ်ဖြစ်သောကြောင့် ကိုယ်တော်အားဖြင့်သွား လာခြင်း၊ နေထိုင်ခြင်း၊ အရာခပ်သိမ်းအားလုံးတို့သည် ထိုပုဂ္ဂိုလ်အားဖြင့် သာဖြစ်ပါသည်။(အာမင်။) ထို့ကြောင့် သမ္မာကျမ်းစာ၏ အခြေခံသည် ယေရှုခရစ်တော်ပင် ဖြစ်ပါသည်။ ကျွန်ုပ်တို့၏အသက်ထာဝရ စမ်းရေလည်းဖြစ်ပါသောကြောင့် နှုတ်ကပတ်တော်သည် ကျွန်ုပ်နှင့်အတူ ရှိကြောင်းထင်ရှားပါသည်။ သို့ပါသောကြောင့် ခရစ်တော်သည် ကျွန်ုပ်ပြုသမျှ အားလုံးတို့၏အစ ဖြစ်သည်ကို သိရပါသည်။ မှန်ကန်ပါသည် မဟုတ်လော။

72 ၇၂။ ထို့အတွက်ကြောင့်ထိုပုဂ္ဂိုလ်သည် အရာခပ်သိမ်းတို့အပေါ်မှာကျွန်ုပ်တို့၏ဦး ခေါင်းဖြစ်ပါသည်။ ကောလောသဲစာစောင်တွင်အရာခပ်သိမ်းတွင်ဦး ခေါင်း ဖြစ်သည်။ ထိုပုဂ္ဂိုလ်ဖြင့် အရာခပ်သိမ်းကို ဖန်ဆင်းခံရပါသည်။သူ့အတွက်သာ ဖန်ဆင်းထားသည်ဟု ဖော်ပြတော်မူ၏။ အပြစ်သား သူ့အားမယုံကြည် လိုသော သူများ၏အသက်တာသည် မည်ကဲ့သို့ ဖြစ်လာမည်ကိုသင် မေးသလော။ သူ့ကို မယုံကြည်လိုသူ များအပေါ်၌ တရားစီရင်မည်ဖြစ်ပါသည်။ ယုံကြည်သူများအတွက် ချီးမြှောက်ခြင်းခံဘို့ ဖြစ်ပါသည်။ ထို့ကြောင့် အရာခပ်သိမ်းတို့သည်သူ့ဥစ္စာဖို့ ဖန်ဆင်းတော်မူ၏။

ထိုကြီးမြတ်သော နေ့ရက်ရောက်လာဘို့ရန်အတွက်အင်မတန်နီးကပ်လာ သောကြောင့် ရောက်လာမည့် အကြောင်းအရာများကိုပြောဘို့ရန် အချိန်တန် လာပြီ။ထိုအကြောင်းအရာများကို အောက်ပါအတိုင်း တွေ့ရပါသည်။ မိုက်မဲ သောအမျိုးသမီး၊ ပြည့်တန်ဆာအဝတ်ဖြင့်ဝတ်ဆင်ထား၍ စိတ်နှလုံးအကြံ အစည်ညစ်ညူးသော ထိုအမျိုးသမီးသည် အပြစ်ပြုလုပ်ဘို့ရာ၌ နာမည်ကျော်ကြား၍ လူပြောများသော အကြောင်းအရာ ဖြစ်ပါသည်။ ထိုပုဂ္ဂိုလ်သည် ယုံကြည်သူခရစ်ယာန်များကိုလှည့်စား၍အပြစ်တွင်းသို့ ချသောသူဖြစ်ပါသည်။ ထိုပုဂ္ဂိုလ်သည် အပြင်ပန်းသဏ္ဌာန်သာ ပြောင်းလဲသောသူဖြစ်ပါသည်။

73 ၇၃။ ထို့နောက်ထိုပုဂ္ဂိုလ်သည် အရာခပ်သိမ်းကိုဖန်ဆင်း၍ သူ့အတွက်သာအားလုံး ဖန်ဆင်း ထားပါသည်။ ထိုသို့ဖြစ်ခဲ့လျှင်ကျွန်ုပ်တို့အားလုံးသည်လည်း ဘုရား ရှင်တန်ဆာပလာ ဖြစ်ကြသည်ကို သိကြပါ။ ကျွန်ုပ်တို့ကိုယ်တိုင်သဘောပေါက် ပြီး အသက်တာ၌သက်သေပြဘို့လည်း လိုအပ်ပါသည်။ အကြောင်းမှာ ထိုသူ သည် ကျွန်ုပ်တို့အထဲ၌သက်သေရှိသကဲ့သို့ ကျွန်ုပ်တို့သည် သူ၏အထဲ၌ သက် သေရှိဘို့ရန် လိုအပ်ပါသည်။ အပြစ်ဖော်ပြခြင်းသက်သက်သာမဟုတ်ဘဲ ထိုပုဂ္ဂိုလ်အတွက် အသက်ရှင်သောကြောင့် ဖြစ်ပါသည်။

ထို့အတူ လူမြောက်များစွာတို့သည် ဤအချိန်၌ကျွန်ုပ်တို့ရှိပါသည်ဟုသက်သေခံ ပြောကြားပါသည်။ ဟုတ်ပြီ။ယခုသင်သည် ခရစ်ယာန်ဖြစ်ပြီလား။ ဟုတ်ကဲ့။ မက်သဒစ်ဖြစ်ပါသည်ဟုဖြေပါသည်။ ထို့နောက် ကောင်းပါသည်ဟု ပြော ပါသည်။ သင်၏အခြေအနေကို ကြည့်သည့်အခါတွင် ခရစ်တော်၌ပြောင်းလဲဘို့ လိုအပ်သည်ဟု ပြောပါသည်။ သို့မဟုတ်လျှင် မက်သဒစ်များ၊ နှစ်ခြင်းများ၊မည်ကဲ့သို့ဝတ်ပြုကိုးကွယ် သည်ဆိုတာ သင်သိပါသလား။

74 ၇၄။ စစ်မှန်သောခရစ်ယာန်ဖြစ်ဘို့ရန်အတွက်ယေရှုခရစ်တော်သည် ကျွန်ုပ်အထဲ၌ သက်သေတည်ဘို့ လိုအပ်ပါသည်။ ထို့ကြောင့် ခရစ်တော်ကိုကျွန်ုပ်သိရှိပြီး ကျွန်ုပ်တို့ လက်ခံရရှိနိုင်ဘို့ရန်အတွက် အသံသွင်းပြီးသောတိတ်ခွေရှိပါသည်။ ကျွန်ုပ်တို့ နားထောင်ဘို့ လိုအပ်ပါသည်။ ကျွန်ုပ်သည် ပင်တေကုတေ အသင်းတော်ဖြစ်ပါ၏။ သင်ပြောပါလိမ့်မည်။ အသင်းတော်အကြောင်း ပြောရန် မဟုတ် ပါ။ ပြောဘို့ရန်လည်းဦးတည်ချက်မရှိပါ။

75 ၇၅။ ကျွန်ုပ်ပြောလိုသောအချက်များဤအရာပင်ဖြစ်ပါသည်။ ခရစ်တော်သည် သင့် အတွင်း၌ရှိဘို့ ဖြစ်ပါသည်။ သို့မှသာ ကိုယ်တော်ရှင်သည်သင့်ကိုသိပါလိမ့်မည်။ အခြားသောဘာသာစကားပြော နိုင်သည်ဟု သင်ပြောသည် မဟုတ်လော။ နတ်ဆိုးတို့သည်ပင်ထိုစကားကိုပြောနိုင်၏။

ကျွန်ုပ်အော်၍ ပြောသည့်အတိုင်း မိုဟာမက်၊ဗုဒ္ဓတို့လည်း ပြောကြပါသည်။ ထို့နောက် အိန္ဒိယဘာသာ ရေးသမားများသည်လည်း မတ်တပ်ရပ်၍ကပြီးသံ ပြိုင်အော်ကြပါသည်။ သူတို့တတွေလည်း ကျွန်ုပ်တို့ပြု သည့်နည်းနှင့် နီးစပ်ပါသည်။အဖွဲ့တဖွဲ့၊ အသင်းတစ်သင်းအားဖြင့် နေထိုင်ကြပြီးအော်၍ ဟစ်ကြော်ပါ သည်။ သူတို့သည် ထိုဘာသာရေးပိုင်းတွင်ပိုနေကြပါသည်။ ထိုသူများသည် ဘောလုံးအားရိုက်တံဖြင့် ရိုက်၍ ပြေးလမ်းကြောင်းကို ပြေးသောကစားနည်းတမျိုးနှင့် တူပါသည်။

သို့သော်လည်း ခရစ်တော်သည်သင်၌ရှိပါသည်။ ထိုကဲ့သို့ခရစ်တော်ရှိလျှင်သင်သည်ခရစ်တော်နှင့်တူ လာပါမည်။ ခရစ်တော်စိတ်နှလုံးလည်းသင်၌ ထင်ရှားလာပါမည်။ ခရစ်တော်နှင့်သင်သည်ကောင်းမွန်စွာဖြင့် မိတ်သဟာရဖွဲ့နိုင် သောကြောင့် ဖြစ်ပါသည်။ ကိုယ်တော်ရှင်၏ လက်ဏ္ဍာသည်ကျွန်ုပ်တို့၏အ သက်တာတွင် ဖော်ပြခဲ့သည့် အတွက်ကြောင့်ကျွန်ုပ်တို့သည် ထိုသူ၌ရှိ၍ ထိုသူလည်း ကျွန်ုပ်နှင့်ရှိပြီး အသက်ရှင်ကြပါသည်။

76 ၇၆။ ဘုရားသခင်၏ရူပါရုံဖွင့်ပြချက်တွင်အဓိကရည်ရွယ်ချက် (၃)ချက်(သို့) အ ဆင့်(၃)ဆင့် ရှိပါသည်။ ဤကဲ့သို့

ဘုရားသခင်ဖော်ထုတ်သောရူပါရုံရခြင်း အံ့သြဘွယ်သည် ဤကမ်္ဘာမတည်မရှိမှီ ဘုရားရှင်၏စိတ်နှလုံး၌တည်ရှိပြီး ဖြစ်ပါသည်။ ထို့နောက် ဤမနက်တွင် အထူးပြောလိုသည်မှာ ဘုရားသခင်၏ရည် ရွယ်ချက်(၃)ဆင့်သည် မည်သည့်အရာဖြစ်သနည်းဆိုသည့်အချက်ပင် ဖြစ်ပါ သည်။ ဘုရားရှင်၏မစတော်မူခြင်းအားဖြင့် ထိုပုဂ္ဂိုလ်သည် 'ရှိခြင်း' ပုဂ္ဂိုလ်ဖြစ် သည့်အတွက်ကြောင့် ကျွန်ုပ်အမြဲသိစေမည်ဟု ယုံကြည်ပါသည်။ ဤအကြောင်း အရာသည် ဘုရားသခင်၏ ရည်ရွယ်ချက် ကြီးမြတ်ကြောင်းကို သိရှိလိုပါသဖြင့် ကျွန်ုပ်လည်းပြောကြားမည်ဟု သံဓိဋ္ဌာန်ချထားပါသည်။

77 ၇၇။ ပထမအချက်တွင်ဘုရားသခင်သည် လူမျိုး(သို့)လူထုတို့၌ သိစေလိုသည်။

ထိုပုဂ္ဂိုလ်သည် ထာဝရတည်ရှိခြင်းအရာများနှင့်၎င်း၊အချိန်အားလုံးကိုထိန်းချုပ် သူအနေဖြင့်၎င်း၊ အာကာသတခုလုံးကို အုပ်ချုပ်သူအဖြစ်၎င်း၊ယေဟောဝါ ဘုရားအဖြစ် ထုတ်ဖော်၍မရပါ။ ဘုရားသခင်သည် ထိုကဲ့သို့ကြီးမြတ်စွာနှင့် အံ့သြဘွယ်အကြောင်းအရာများဖြင့်ဖော်တုတ် ရန်မရည်ရွယ်ပါ။ ထိုပုဂ္ဂိုလ်သည် ကျွန်ုပ်မသိနားမလည်နိုင်လောက်အောင်မြင့်မြတ်သည့်ပုဂ္ဂိုလ်ဖြစ်သည့်အတွက် ကြောင့် ထိုအရာများကို မည်ကဲ့သို့ တည်ရှိနိုင်မည်နည်း။ နှစ်ပေါင်းမြောက်မြားစွာ လွန်ခဲ့သောနှစ်တသန်းမက ကုန်လွန်ခဲ့သောအချိန် တွင်ဖန်ဆင်းသောအရာအားလုံးတို့၌ အုပ်စိုးစီရင်ခဲ့ပါသည်။ ထိုအချိန်မှစ၍ ထာဝရအချိန်ထိ မဆုံးနိုင် သော အရှင်ထာဝရဘုရားသည်ယနေ့ထိတည်မြဲလျက်ရှိပါသည်။

78 ၇၈။ သို့သော်မည်သည့်အရာတို့ကို အလိုရှိပါသလဲ။ အဖနေရာ၌ အလိုရှိပါသည်။ အကြောင်းမှာ ကိုယ်တော်သည်အဖဖြစ်ပါသည်။ထို့နောက် ကိုယ်တော်သည် လူသား (သား)အရာ၌ရှိဘို့ရန် မိမိကိုယ်မိမိဖော်ပြပါသည်။ ထို့ကြောင့်ယေရှုကလည်း 'လူသား၏သား' ဟုဆိုပါသည်။ လူမြောက်မြားစွာတို့သည် ကိုယ်တော်၏စကားနားမလည်ပါ။ သို့သော် ယခုသင်သည်နားလည်ပါပြီ။ (အသင်းသားများ ထံမှဟုတ်ပါ၏။ အာမင် ဟုပြောပါသည်။) မိမိကိုယ်ကိုမိမိ ကိုယ်တော်ရှင်သည် ဖော်ပြလိုပါသည်။ ဤအရာကို ကျွန်ုပ်တို့အထူးပြောလိုပါသည်။ထိုသို့ဘုရား သခင်သည် ခရစ်တော်ဟူ၍ အံ့သြဘွယ်ရာမိမိ အသက်တာကို ဖော်ပြထားပါသည်။ ဤအကြောင်းအရာသည်ဘုရားသခင်ရည်ရွယ် ချက်ထဲမှ တချက်အပါ အဝင်ဖြစ်ပါသည်။

79 ၇၉။ ဒုတိယအချက်အနေဖြင့်ကိုယ်တော်ကိုယုံကြည်သောသူသည် သူ၏ခန္ဓာ (သတို့ သမီး) နှင့်သူ၏လူ(သို့) လူမျိုးတော်များအတွက်ဦးခေါင်းသဖွယ် ဖြစ်ကြောင်း ဖော်ပြပါသည်။

80 ၈၀။ ထိုအကြောင်းအရာ၏အဓိပ္ပါယ်သည် အာဒံ ဧဝ၏အသက်တာမှစတင်ပေါ် လာပါသည်။ သို့သော် အပြစ်တရားကြောင့် ခွဲခွာခဲ့ရပါသည်။ထို့နောက် ထိုသူများ၏ ပထမမူရင်း အခြေအနေသို့ပြန်လည် ရောက်ရှိဘို့ရန် ပြင်ဆင်သော လမ်းဖြစ်ပါသည်။ထိုအရာသည် ကျွန်ုပ်တို့ အတွက်ကြွယ်ဝခြင်းနှင့်စည်းစိမ် ဖြစ်ပါသည်။ ဘုရားရှင်၏ အလိုတော်သည်အဘယ်အရာဖြစ်သနည်း။ သေချာ စွာစဉ်းစားကြပါစို့။ အဘယ်ကြောင့် အာဒံနှင့်ဧဝတို့ကို အပြစ်မလုပ်ဘို့ရန်မတားမြစ်သလဲ။ ဘုရားသခင်သည် သူတို့ကို ကွယ်ကာစောင့်ရှောက်နိုင်ပါသည်။ သို့သော် ဘုရားသခင်သည်သူ၏ပြည့်စုံခြင်းကို မဖော်ပြလိုသည့်အတွက် ဖြစ်ပါ သည်။ အကြောင်းမှာ ကိုယ်တော်သည်အဖ ဖြစ်ပါသည်။ရွေးနုတ်သူနှင့် ကယ် တင်ရှင်လည်းဖြစ်သောကြောင့် ဖြစ်ပါသည်။ မည်ကဲ့သို့ထိုပုဂ္ဂိုလ်ကိုသိနိုင်မည် နည်း။ ဟုသင်မေးလိမ့်မည်။ သူ၌ကျွန်ုပ်သိဘို့ရန် အကြောင်းရှိပါသည်။ ကိုယ်တော်သည် ကယ်တင်ရှင်ဖြစ်ကြောင်းကို ထုတ်ဖော် ပြောကြားခဲ့သည်။ ထိုကယ် တင်ရှင်၏လုပ်ငန်းကိုခရစ်တော် အားဖြင့်သာလျှင် ပြုလုပ်နိုင်ပါသည်။ အဘယ် ကြောင့် သားအဖြစ်သို့ ရောက်သွားရပါသနည်း။ခရစ်တော် ကို အသုံးပြုခြင်း အားဖြင့် (သို့)ခရစ်တော်အားဖြင့် သားအရာ၌ ရောက်ရှိနိုင်ပါသည်။အဘယ်ကြောင့် အနာရောဂါငြိမ်းစေသောသူ ဖြစ်နိုင်သနည်း။ ခရစ်တော်အား ဖြင့်သာလျှင် အနာငြိမ်းစေနိုင်သောအရှင် ဖြစ်ပါသည်။ ထိုအကြောင်းအရာ အားလုံးတို့သည် တဦးဖြစ်သော ယေရှုခရစ်တော်အားဖြင့်သာလျှင်ဖြစ်ပေါ် လာပါသည်။ အို ... ကျွန်ုပ် .... ဘယ်အချိန်.. ကျွန်ုပ်.....

81 ၈၁။ ထိုအရာအားလုံးတို့ကိုကျွန်ုပ်စဉ်းစားသည့်အခါ ဘုရားသခင်၏နက်နဲသော အကြံအစည် ခရစ်တော်၌မြင်တွေ့ရပြီး ထိုအချိန်မှစ၍ဂိုဏ်းဂဏများနှင့် ကျွန်ုပ်တို့အသက်ရှင်ခြင်းသည် ရုပ်ပြသဏ္ဌာန်နှင့် တူပါသည်။

ထို့ကြောင့် ရှေးဦးစွာဘုရားသခင်ဖြစ်ကြောင်း မိမိကိုယ်မိမိခရစ်တော် ဖော်ထုတ်ခဲ့ပါသည်။ ထို့ကြောင့် ဘုရားသခင်ဖြစ်ကြောင်း(သို့)မိမိကိုယ် မိမိလူမျိုးများထံသို့၎င်း (သို့)လူထုနှင့်၎င်း၊ ဦးဆောင်သူဖြစ်ကြောင်းမိမိကိုယ်မိမိ ဖော်ထုတ်ခဲ့ပါသည်။

82 ၈၂။ အခြားသောညတညာ ကျွန်တော်ဟောပြောသော နှုတ်ကပတ်တော်မှာထောင်တွင်း အကျဉ်း ချခြင်းခံရသောရှင်ပေါလု၏ အကြောင်းကို ခရစ်တော်အတွက်ကြောင့် ချည်နှောင်ခြင်းခံရခြင်းဆိုသည့် ခေါင်းစီးအားဖြင့်ဆိုသော နှုတ်က ပတ်တော်အသုံးသွင်းထားသည့်တိတ်ခွေကို သင်မရရှိသေးပါက ဘုရားသခင် နှင့် ချည်နှောင်ခြင်းကို နားလည်မည်မဟုတ်ပါ။သို့သော်ပေါလုကို သန့်ရှင်းသောဝိညာဉ် တော်အားဖြင့် သိစေပြီး ယုဒပညတ်တရား၌ ဆရာကြီးဖြစ်ဘို့ရန်နှင့် ဂါပေလ၌သင်ယူလာပြီး အံ့သြဘွယ် ကောင်းသော အကြံအစည်ရှိပါသည်။ ပေါလုသည် ဉာဏ်ပညာနှင့်ပြည့်စုံသောပုဂ္ဂိုလ်တဦးဖြစ်ပါသည်။ ထိုထက်မက အာဏာတန်ခိုးလည်းရှိသောသူ တယောက်ဖြစ်ပါသည်။ သူ၏အမျိုး၌ထိုကဲ့သို့ပညာ တတ်မြောက်ပြီး ဆရာကြီးဖြစ်သောလည်း ခရစ်တော်အကြောင်း သက်သေခံဘို့ရန်အတွက်မိမိကိုယ်မိမိ ငြင်းပယ်ရန် အရေးကြီး ကြောင်းသူကိုယ်သူတိုင် သဘောပေါက်ခဲ့ပါသည်။

ရှင်ပေါလုသည် တနေရာရာသို့သွားရန် ရည်ရွယ်ချက်ရှိပါသည်။ညီအကိုယ် အချို့က သူအားဖိတ်ကြားပြီး သို့သော်ဝိညာဉ်တော်သည်တားဆီး၍ သဘောမ တူပါ။ မိမိကြိုက်နှစ်သက်ရာရွေးခြင်းကိုငြင်းပယ်ခဲ့ပါသည်။ ဟုတ်ကဲ့... လူသားများသည် မိမိစိတ်ကြိုက်အား မလုပ်စေခဲ့ပါ။ သန့်ရှင်းသောဝိညာဉ်တော်၏လမ်းပြမှုကြောင့် ဖြစ်ပါသည်။ ခရစ်တော်၌ ချည်နှောင်ခြင်းခံရသည့်အတွက် ကြောင့် ဖြစ်ပါသည်။

83 ၈၃။ တနေ့တွင်မျက်လုည့်ပညာတတ်သောသူ တယောက်ရှိပါသည်။ ထိုသူသည် ရှင်ပေါလု၏အသိ ဖြစ်ပါသည်။ ထိုသူသည်ရှင်ပေါလု၏ ဘုရားသခင်အလို တော်အတိုင်း ဆောင်ရွက်သောသူ၏ နောက်ကိုအမြဲလိုက်လေသည်။ ရှင်ပေါလုနောက်ကလိုက်ပြီး အော်ဟစ်လျက် ရှိပါသည်။ သို့သော်တနေ့တွင် ဝိညာဉ် တော်ခွင့်ပြုချက်အရထိုသူ၏အထဲမှ ဝိညာဉ်ဆိုးနှင့်စကားများ ကြပါသည်။ ထို့ကြောင့် ပေါလုသည်ထိုသူကိုအပြစ်၌ဝိညာဉ်ချည်နှောင်ခြင်းကို မြင်တွေ့ခဲ့ရ ပါသည်။

84 ၈၄။ ထို့ကြောင့်မောရှေသည်လည်း လူထု(သို့) လူမျိုးစုတို့အတွက် ခရစ်တော်၌ ချည်နှောင်ခြင်း ခံရကြောင်းသိရှိဘို့ရန်အလိုရှိပါသည်။ လောကသည် မောရှေကို လည်း ညှင်းပန်းနှိပ်စက်ကြပါသည်။ ချုံငုတ်ကြားရှိမီးတောက်ရှေ့တွင်လည်း ခွန်အားမရှိကြောင်း စကားထစ်ကြောင်း အလုံးစုံသိသော်လည်း ဘုရားရှင်၏ရွေးခြင်းကိုခံရပြီး သင်တစ်ယောက်တည်းမဟုတ် သင်နှင့်ငါအမြဲရှိမည်ဟု ဂတိ ပေးခဲ့ပါသည်။ထို့ကြောင့် ဘုရားသခင်သည် သူ့အားကူညီပြီးခွန်အားပေး၍ ဂတိတော်နယ်မြေရောက်သည့်တိုင် အောင်သွားနိုင်ဘို့အတွက်တန်ခိုးနှင့်ပတ် စီးထားလျက်ရှိပါသည်။

မောရှေသည်ကိုယ်တော်စေခိုင်းသည့်အတိုင်း ဖာရောဘုရင်ရှေ့မှောက်သို့သွား၍ပြောပါ့မည်။ သို့သော်ဖာရောဘုရင်သည် ယုံကြည်မည်မဟုတ်ပါဟု ပြောပါ သည်။

ထို့နောက် ဘုရားသခင်သည် မောရှေအား၎င်းတောင်ဝှေးကိုယူလော့ဟုပြော ပါသည်။ ဤအရာသည် ဘုရားသခင်၏ နှုတ်တော်ဖြစ်ပါသည်။ နေထွက်ရာ ဖက်သို့ ဦးတည်သွားလော့။သွား၍ခြင်များကိုခေါ်လော့။ သို့မှသာခြင်များသည် အဆမတန် များပြားလာလိမ့်မည်။ အကြောင်းမှာဖာရောဘုရင်လက်အောက် ဒုက္ခဆင်းရဲခံ ကြရသော ဘုရားသခင်၏ အကျဉ်းသားများကို ဘုရားသခင်ကိုယ်တိုင်သိသောကြောင့် ဖြစ်ပါသည်။ အထက်ပါအကြောင်းအရာ မည်သူတဦးမျှ ငြင်းပယ်၍မရပါ။ ဘုရားသခင်သည်သားဦး၊ ရွေးကောက်သော လူမျိုးများဖြစ် သောကြောင့် ဖြစ်ပါသည်။

85 ၈၅။ အော်...ထိုကဲ့သို့ဘုရားသခင်သည် ကယ်တင်နိုင်သလော့။ ထိုအရာသည် ဘုရားသခင်၏ တန်ခိုးတွက်အသုံးပြုရန်အချိန်ဖြစ်ပါသည်။ လူတဦးခရစ်တော် ကို သိသောသူရှိပါသည်။ ကျွန်ုပ်ပြောချင်သောအရာကိုသိပါသလား၊(တရားနာ ပရိသတ်သည် ဟုတ်ပါ၏ဟု ထောက်ခံကြပါသည်။) ဤအရာသည် ဘုရားသခင် ၏ အကြံအစည်ထဲမှ ဒုတိယလေ့ခါးတစ်ဖြစ်ပါသည်။

ဘုရားသခင်၏ အကြံအစည် သုံးဆင့်တစ်ဆင့်ဖြစ်သော ‘ဘုရားသခင်သည် ခရစ်တော်၌အလုံးစုံကိုဖော်ပြခြင်း ’ ဟုပြောခဲ့ပါသည်။

ဒုတိယအနေဖြင့်  ‘ခရစ်တော်သည်အသင်းတော်၌ ခန္ဓာနှင့်သတို့သမီးအရာ၌အဦးဆုံးသောသူနှင့် အထင်ပေါ်ဆုံးသောသူ ခရစ်တော်၌ဖော်ပြခဲ့ခြင်းဖြစ် ပါသည်။

တတိယအနေဖြင့် ပထမအာဒံ၏ အပြစ်ကြောင့်ပြိုလဲခြင်းနှင့်ပျောက်ကွယ် သွားသောအရာမှ မှန်ကန်သောဘုရားသခင်၏နိုင်ငံတော်ပြန်လည်ရရှိပြုပြင်ဘို့ ရန်နှင့်(သို့)ကိုယ်စားပြန်လည်ရရှိဘို့ရန်မိမိလူမျိုးတို့နှင့် မိတ်သဟာယဖွဲ့ကြောင်း နှင့်အတူရှိကြောင်း ဖော်ပြသည့်အချက်ပင် ဖြစ်ပါသည်။

ယခုထိုသူထံမှ အပြစ်နှင့်သေခြင်းသည် ကွဲကွာခဲ့ပါသည်။ထိုအကြောင်းအရာ ကိုသင်ဖတ်ဘူးပါသလား။ သူ၏မှန်ကန်သောနေရာသည် ကမ္ဘာမတည်မှီက တည်းက ဖော်ပြဘို့ဖြစ်ခဲ့ပါသည်။

86 ၈၆။ ထို့ကြောင့်တဆူတည်းသောဘုရား သုံးပါးတဆူလက်ခံသောသူများသည် သင်တို့၏စိတ်အနှောက်အရှက်ဖြစ်မည်ဟု ယုံကြည်ပါသည်။ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ် ဆိုသည့်အရာမှာ ဘုရားသုံးဆူမဟုတ်ပါ။ ဘုရား၏ ဂုဏ်အင်္ဂါကိုညီတူညီမျှဆိုကြပါသည်။ ထိုအရာများသည်သူတို့၏ရှင်းပြချက် ဖြစ်ပါသည်။ သို့သော် ဤအကြောင်းအရာတခုကိုစဉ်းစားကြည့်ပါ။ အဖသည် အဖနေရာ၌ အလိုရှိပါလိမ့်မည်။ အလိုရှိသည့်အတိုင်း အဖဖြစ်လာပါသည်။ထို့နောက် ထိုသားသည် ဝိညာဉ်တော် ဖြစ်ပါသည်။ ထို့ကြောင့် ဘုရားသခင်၏ ဝိညာဉ်၏ သန့်ရှင်းသောဝိညာဉ်တော်သည်ဝိညာဉ်တခုထဲ၌ရှိပါသည်။ သင်သ ဘောပေါက်ပါသလား။ လူထုပရိသတ်များက ဟုတ်ပါ၏ အာမင်ဟုဆိုကြပါသည်။ ဘုရားသုံးပါးမဟုတ်ပါ။ အပြစ်သည် ရုပ်ထုကို ကိုးကွယ်စေပါသည်။ အထင်ကြီးဘို့ရန်အတွက်သွေးဆောင်ရန်ဖြစ်ပါသည်။ ထိုအရာသည် ဘုရားတ ဆူဖြစ်ခြင်း(သို့)မြင်တွေ့ရခြင်းဖြင့် ဖော်ပြပါသည်။အဖကဲ့သို့၊ သားကဲ့သို့၊ ကယ် တင်ခြင်းကဲ့သို့နှင့်အနာရောဂါငြိမ်းခြင်းကဲ့သို့ ဖော်ပြခြင်းဖြစ်ပါသည်။

87 ၈၇။ ဟုတ်ကဲ့....အနည်းငယ်အတူတကွ ဆွေးနွေးကြည့်ရအောင် လူထု(သို့) လူမျိုးစုများသည် ဤအသံသွင်းထားသော တိတ်ခွေကိုနားထောင်လျှင်ပို ကောင်းပါလိမ့်မည်။ ပို၍ရှင်းလင်းသွားရန်အတွက် ဖြစ်ပါသည်။ ထိုနေရာ ရောက်ဘို့ရန်အတွက်တိတ်ခွေကို ကျွန်တော်လုည့်လိုက်ပါ့မည်။ အိုး.. .သို့ သော် ကျွန်ုပ်လာ၍ ရှင်းပြနိုင်သည်ဟုယုံကြည်ပါသည်။

ဘုရားသခင်သည် ယေရှုခရစ်တော်အားဖြင့် ဘုရားစင်စစ်ဖြစ်ကြောင်းအဘ၏အရာ၌သော်၎င်း၊ သား၏အ ရာ၌သော်၎င်း၊ သန့်ရှင်းသောအရာ၌၎င်း ပြီးပြည့်စုံစွာ ဖော်ထုတ်ခဲ့ပါသည်။

ထို့ကြောင့် သစ္စာရှိသောဘုရားသခင်သည် အသင်းတော်၌ရှိပါသည်။ ဘုရား သခင်(သို့)ဘုရားစင်စစ်ဖြစ် ကြောင်း ထင်ရှားစွာဖြင့် ဖော်ပြခဲ့ပါသည်။ယေရှုခရစ်တော်၌ ဘုရား၏ဖြစ်စဉ် အားလုံးသွန်း လောင်းခဲ့ပါ သည်။ ထို့ကြောင့် ခရစ်တော်၏ဖြစ်စဉ်၌လည်းအသင်းတော်ပေါ်၌ သွန်းလောင်းခဲ့ပါသည်။

အသင်းတော် ဂိုဏ်းဂဏ ဆိုသည့်စကားကို ပြောလိုသည်မဟုတ်ပါ။ယခု ချိန်မှစ၍ အချိန်အနည်းငယ်တွင် တသက်လုံးသင်သိဘို့ရန်ဖြစ်သော အရာ သိပါလိမ့်မည်။ ဘုရားသခင်သည်သဘောတူလျက်ရှိပါသည်။ အလိုတော်ရှိပါက ကိုယ်စားဖော်ပြ

ထားပါသည်။ သားတော်၏အသက်နှင့် ကားတိုင်အသွေးအသားအားဖြင့် ထိုအရာကို ရည်ရွယ်ချက် (ဒုတိယဧဝ)တို့နှင့် အတူဆက်နွယ်ပြီး ပြန်လည်ပေါင်းသင်းဘို့ရန်အတွက် ဖြစ်ပါသည်။ ထိုအရာကို မောရှေနှင့် အခြား သောသူထံပေးသကဲ့သို့ သန့်ရှင်းသောဝိညာဉ်တော်၏ ကူညီခြင်းအားလုံး သ ဘောပေါက်ကြပါလိမ့်မည်။

88 ၈၈။ ဘုရားရှင်အကြံအစည်သည်သင်သိပါသလား သားအရာ၌ဖော်ပြပြီး ထိုသား အရာတွင် ဘုရှားရှင်၏ဘုန်းတော်လည်း ပါရှိပါသည်။ ထို့နောက် ကောလော သဲစာစောင်ကို လေ့လာသည့်အခါ ဤကဲ့သို့ ရှင်းလင်းစွာဖော်ပြထားပါသည်။ထိုအရာသည် ဘုရားသခင်၏ အကြံအစည် ဘုရားရှင်၏အလုပ်ဖြစ်ကြောင်း ကို ကျမ်းစာ၌ရှင်းလင်းစွာဖော်ပြထားပါသည်။ သားတော်၏အသက်နှင့် ကားတိုင်အသွေးအသားအား ဖြင့်ထိုအရာကို ရည်ရွယ်ချက်(ဒုတိယဧဝ)တို့ နှင့်အတူဆက်နွယ်ပြီး ပြန်လည်ပေါင်းသင်းဘို့ရန် အတွက်ဖြစ်ပါသည်။ ထိုအရာကိုမောရှေနှင့် အခြားသောသူထံပေးသကဲ့သို့ ယခုအမှတ်တံဆိပ်ပေးခဲ့ပါ သည်။ အာဒံနှင့်ဧဝတို့၌မူလပေးထားသကဲ့သို့ ဖြစ်ပါသည်။ ခရစ်တော်နှင့်သ တိုးသမီးကဲ့သို့ဖြစ်ပါသည်။ ခရစ်တော်သည်ဒုတိယအာဒံဖြစ်၍ ကိုယ်တော်ကို ယုံကြည်သူအားလုံးသည် သတိုးသမီးဖြစ်ပါသည်။ အသင်းတော် (သို့)ဂိုဏ်းဂဏမဟုတ်ပါ။ ယုံကြည်သူတဦးချင်းကို ဆိုလိုပါသည်။

ထို့ကြောင့် ပထမဧဝပြုလုပ်သကဲ့သို့ ဒုတိယဧဝသည်လည်းဘုရားရှင်၏ မှန်ကန်သော သမ်္မာတရားကို ဆန့်ကျင်ပါသည်။ အားလုံးရောနှော၍ ညဏ် ပညာပွင့်လင်းစေခဲ့ပါသည်။ လူထုပရိသတ်သည် မှန်ပါ၏အာမင်ဟုပြောပါ သည်။ သို့သော် ထိုအရာများသည် ပြီးခဲ့ပြီးသောအရာဖြစ်ပါသည်။ သို့သော် ထပ်မံ၍ ပြုလုပ်တတ်ကြပါသည်။ ပြီးခဲ့သောအချိန် ပြီးခဲ့သောအရာကိုဟုတ် သည်မဟုတ်သည်ကို ကျွနု်ပ်တို့ သိရပါလိမ့်မည်။ ကုန်လွန်ခဲ့သောအချိန် မည်ကဲ့ သို့ဖြစ်နိုင်ပါမည်နည်း။ ထိုသူသည် မနေ့၊ ယနေ့၊ နောင်ကာလ မပြောင်းလဲ သောပုဂ်္ဂိုလ် ဖြစ်ပါသည်။

ဘုရားသခင်အကြံအစည်သည် ပညာရှိသူနှင့် အထက်လွှာတို့၌မိမိကိုယ်ကို မိမိဝှက်ထား၍ နှိမ့်ချသောသူ၏သာမန်လူများထံ မိမိကိုယ်မိမိ အမြဲတမ်း ဖော်ပြလေ့ရှိပါသည်။

89 ၈၉။ ဤအရာဖြစ်ပါသည်။ပြီးခဲ့သောအချိန်များကို လှည့်ကြည့်မည်ဆိုပါက တချို့ သူများအတွက် လင်းကနဲဖြစ်ပြီး ပျောက်ကွယ်သွားသောအရာဖြစ်ပါသည်။ ယဇ်ပရောဟိတ်နှင့်ပညာရှိ၊ ယုဒပညတ်တရား သင်ပေးသောသူများ နိကောဒင် တို့နှင့်အတူလူမျက်စိရှေ့တွင် ကြီးကျယ်ခန်းနားစွာနှင့် အသက်ရှင်ပြီး အခြား သောသူများကို မပြောနိုင်သည့်အပြင်မိမိကိုယ်မိမိအထင်ကြီး၍ သမ်္မာတရားကို မတွေ့နိုင်ခဲ့ပါ။

ဤနေရာ၌ ယဇ်ပရောဟိတ်အကြီးအကဲများနှင့် ယုဒပညတ်တရားစောင့်လျှောက်သူများ ဤအရာများကိုလက်မခံသောသူများသည် မတ်တပ်ရပ်၍ ထိုသူများသည် ပညာရှိလူတော်လူကောင်းဖြစ်ပါသည်ဟုသဘောပေါက်ကြ ပါသည်။ ထို့ကြောင့်ယေရှုခရစ်သည် ထိုသူများကို စာတန်မာနတ်၏ အဖဖြစ်သည် ဟုပြောဆိုသည်။ သင်တို့၏အဖ ပြုလုပ်သည့်အတိုင်း သင်တို့ပြုလုပ်ပါ သည်။ ထို့ကြောင့်စဉ်းစားကြည့်ပါ၊ ဘိုးဘွားမိဘမှစ၍ သူတို့နှင့်အတူတကွ အသက်တာလမ်းကြောင်း မည်ကဲ့သို့ မိတ်သဟာယဖွဲ့ခြင်းမရှိခဲ့ပါ။သင်သည် သန့်ရှင်းသောသူဖြစ်၏။ အဘိုးအဘွားတို့ပြု ကျင့်သည့်အတိုင်း ပြုလုပ်ဘို့ရန် ရှက်ကြောက်ပြီးသေဘို့ရန်အတွက် အမိန့်ပေးခဲ့ပါသည်။ သို့သော်လည်းထိုယုံ ကြည်သူတို့၏အထဲ၌ နေဘို့ရန်ယေရှုဖိတ်ခေါ်လျက်ရှိပါသည်။

90 ၉၀။ ယနေ့ထိုသူများနှင့်ပြန်လည်မိတ်သဟာယဖွဲ့နိုင်ဘို့ ရန်နိုးထမှု ကြီးကျယ်စွာ ပေါ်ပေါက်လာခဲ့ပါသည်။ ထိုသူတို့ကိုပျက်စီးဘို့အလိုရှိပါသည်။ သင်သဘော ပေါက်ပါသလား၊ အပြစ်လုပ်ဘို့ခွင့်ပြုခြင်းသည် ကောင်းမကောင်းသိကျွမ်းရာလည်းပေးပါသည်။ သို့သော် ဘုရားသခင်ကို ဂရုမစိုက်ပါ။ အပြစ်လုပ်ဘို့ရန် နှင့်ငရဲသွားဘို့အတွက်ခွင့်ပြုထားခြင်းခံ ရပါသည်။

သို့သော် လူသားနှင့်ဘုရား ပြန်လည်မိတ်သဟာယဖွဲ့ရာတွင်သက်သေတခု တည်ထားပါသည်။ ယနေ့တွင် သင်၏အကျင့်နှင့်လုပ်ငန်းများ သက်သေထင် ရှားသလို သင်သည်ချည်နှောင်ခြင်းကင်းမဲ့သော အသက် တာအားလျော်စွာ ကြိုက်နှစ်သက်သလို ဖော်ပြဘို့ ဖြစ်ပါသည်။ သင်မည်ကဲ့သို့ အသက်ရှင်ရန် စီမံခန့်ခွဲ သည့်အတိုင်း အသက်ရှင်ဘို့ လိုအပ်ပါသည်။ အခြားသူများလည်းထိုသူကဲ့သို့ အသက်ရှင်ဘို့ဖြစ်ပါသည်။ ဦးစွာ အပြစ်ပြုလုပ်ဘို့ရန် စီမံခဲ့လျှင် အခြားပုဂ်္ဂိုလ်များပင်လျှင်ထိုကဲ့သို့ပင် ဖြစ်ပါလိမ့်မည်။

91 ၉၁။ ယခုသင်မှတ်သားထားပါ။လူသားသည်အပြစ်၌ လဲလိမ့်မည်။ ထိုနေရာမှ တစ်ဖန် ပြန်ကယ်တင်ရမည်ကို သိရသည့်အတိုင်း ထိုအပြစ်ကိုပြုလုပ်ခဲ့သော ကယ်တင်ရှင်သည် သူ၏ဖြစ်စဉ်ကို မဖော်ပြခဲ့သောအဓိပ်္ပါယ် ရှိပါ့လား၊ ထိုကဲ့သို့ဘုရားသခင်သည်လူဇာတိ (ခရစ်တော်)ခံရာတွင် လူသဘာဝအတိုင်း ညွှင်းဆဲ ခြင်း၊ သေခြင်း လက်မခံသောသူများကယ်တင်ဘို့ရန်နှင့် ကယ်တင်ခြင်းပေး ဘို့ရန်လည်း သိဘို့လိုအပ်ပါသည်။

ထိုကဲ့သို့ ဧဝ(ဒုတိယ)သည် ဘုရားသခင်၏နှုတ်ကပတ်တော်သွေဖယ်သည့် အတွက်ကြောင့် သူ၏ခင်ပွန်းနှင့်လည်းခွဲခွာခဲ့ရပါသည်။ ထိုကဲ့သို့ပင် ယုံကြည်သူ(သို့) တဦးချင်း အသင်းတော်များသည် နှုတ်ကပတ်တော် လက်မခံပါက အသင်းတော်(ဂိုဏ်းဂဏ)ဆိုသည့်အရာများနှင့်ဝေးကွာခဲ့ပြီးသည့်အတွက် ကြောင့် အပြစ်၌လဲခြင်း ဤလောက၏ အသိညဏ်၌ အသက်ရှင်ခြင်း၊ ဘုရား သခင်၏ ပဋိညာဉ်ကို ပစ်ပယ်ခဲ့ပါသည်။ (လူထုပရိသတ်များသည်အာမင် ဆိုကြပါသည်။) သမ်္မာကျမ်းစာမှ နှုတ်ကပတ်တော် လက်မခံသောသူများ မိမိသဘောအတိုင်းအနက်ပြန်သောသူများသည် မိမိ၏ခင်ပွန်း ဘုရားသခင် ထံမှ ပြစ်မှားမိသည့်အတွက် အပြစ်၌လဲ ကြပါသည်။ထိုပုဂ္ဂိုလ်များသည်မည်သူ မျှ ကောင်းကင်နိုင်ငံသို့ မဝင်ရမည်ကို ကျွန်ုပ်တို့သိ ကြပါသည်။ ထိုအရာများ သည် ဧဝမှကျူးလွန်ခဲ့ပြီး ဖြစ်ပါသည်။

92 ၉၂။ ထို့နောက်ယခုလည်း သင်တို့မှတ်သားထားပါ။ ဘုရားသခင်၏ အကြံအစည် လုပ်ငန်း(၃)ဆင့်သည် အဘယ်နည်း။ ဘုရားသခင်လည်းယေရှုခရစ်၌ ဖော် ပြခဲ့ပါသည်။ တနည်းအားဖြင့် ယေရှုခရစ်တော် ၏ခန္ဓာ၌ ဖြစ်ခဲ့ပါသည်။ ပျောက်ဆုံးသောဒေင်ဥယျာဉ်ကို ရရှိဘို့ရန်အတွက် ပညတ်ချက် မလိုက်နာ ခြင်း(သို့) မယုံကြည်ခြင်း အတွက်ကြောင့်ဖြစ်ပါသည်။ အခြားသောအရာ အားလုံးတို့သည် အမိန့်အားဖြင့် တည်လျက်ရှိပါသည်။

သို့သော်လည်း လူသားများသည် အပြစ်၌လဲဘို့ရန်အတွက်အခွင့်ပေးထား ပါသည်။ သို့မှသာလျှင် ဘုရား သခင်သည် ကယ်တင်ရှင် ဖြစ်လာမည်။ ကယ်တင်ရှင်သည်သူ၏ဘွဲ့နာမတခုဖြစ်ပါသည်။ သူ၏အ ကြံအစည်အတိုင်း ကိုယ်တော်သည် ကယ်တင်ရှင် ဖြစ်လာပါသည်။ အချိန်များကို ထိန်းချုပ်ခြင်း၊ အာကာသ အားလုံးပေါ်၌ အာဏာရှိသူ (ယေဟောဝါ)အဖြစ် မဖော်ပြနိုင်ပါ။

ထိုသူသည် လူ့ဇာတိကိုခံပြီး လူသားများနှင့်မိတ်သဟာရဖွဲ့ပြီးပြန်လည်၍ မြည်းစမ်းနိုင်ဘို့ရန်အတွက် ခန္ဓာ(ဇာတိ)အဖြစ် ရောက်လာပါသည်။

ဟာလေလုယာ စဉ်းစားကြပါစို့။ ကျေးဇူးတော် ချီးမွမ်းစရာဖြစ်ပါသည်။ သို့သော် ထိုအရာသည် ကျွန်ုပ်တို့ကို မနှောက်ယှက်နိုင်ပါ။ စိတ်နှလုံးအတွင်းထဲ၌ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်းရှိသောကြောင့် ဖြစ်ပါသည်။

93 ၉၃။ သခင်ဘုရားသည်ဘုရားသခင်ထံမှ လာပါသည်။ ကျွန်ုပ်တို့၌ရောက်လာပြီး ကျွန်ုပ်တို့အပြစ် အားလုံးကိုလည်းသူ့အပေါ်၌တင်ပြီ။ ပျောက်ကွယ်သွားလေ ပြီ။ ထိုသူသည် ထာဝရအဖဖြစ်သောကြောင့် ဖြစ်ပါသည်။သူ၏သားသမီး များ ပြန်လည်ဖြစ်ဖို့ရန်အတွက် ကြီးမားသောရည်ရွယ်ချက် အကောင်အ ထည်ဖေါ်ရန်ကျွနု်ပ်တို့ကို အသုံးပြုပါသည်။ ထိုသူသည် ထာဝရအဖဖြစ် သောကြောင့် ဖြစ်ပါသည်။ သူ၏သားသမီးများပြန်လည်ဖြစ်ဘို့ရန်အတွက် ကြီးမားသော ရည်ရွယ်ချက် အကောင်အထည်ဖော်ရန် ကျွန်ုပ်တို့ကိုအသုံးပြု ပါသည်။

ယခု ဘုရားရှင်၏အကြံအစည်လုပ်ငန်း (၃)ဆင့်ကိုစဉ်းစားကြပါစို့။သူ့ကိုယ် သူ ရူပါရုံပြပြီး(သို့) မိန့်ဆိုခဲ့ပါ သည်။ ကားတိုင်အသွေးတော်အားဖြင့် မိတ်သဟာရဖွဲ့နိုင်ဘို့ရန် ထိုသူ၌ကိုယ်တော် ရောက်လာပါသည်။ ကားတိုင်၏ သေ ခြင်းတရားမှ ရပါသည်။ ထို့နောက်သူ့ကိုယုံကြည်သောသူများ အသင်း တော်(သို့) တဦးချင်းဆီသို့ ရောက်ပါသည်။ တဦးချင်းအသင်းတော်လူကြီး ဖြစ်ပါသည်။

94 ၉၄။ ယခုသင်ဤအရာကိုဂရုထားပါ။ ခရစ်ယာန်ဂိုဏ်းဂဏဆိုသည့် အဖွဲ့အစည်းသည်မဖြစ်နိုုင်ပါ။ ဘယ် သောအခါမှလည်းဖြစ်မည်မဟုတ်ပါ။ ကိုယ်တော် သည်သာလျှင် ထင်ရှားရပါလိမ့်မည်။ အဘယ်ကြောင့်ဆို သော် ကိုယ်တော်သည်နှုတ်ကပတ်တော် ဖြစ်တော်မူ၏။ အာမင်။ ဘယ်လိုလဲ။ ဘာသာရေးရှု ထောင့်မှကြည့်လျှင် (ဃမနရှိ)ခရစ်များကို ဘာသာဝင်ဘို့ရန်အတွက် (သို့) ထင်ရှားဘို့ရန်အတွက် ဖြစ်ပါသလား။ ထိုအသင်းတော်ယုံကြည်သူတစ်ဦး ချင်းတို့သည် ဘုရားသခင်နှုတ်ကပတ်တော်ခံယူခြင်းနှင့် အသင်းတော် ဂိုဏ်းဂဏ တည်သောသူများသည် ပြည့်တန်ဆာမ၊ မိမိအသက်တာကိုမမှန်ကန်စွာ အသုံးပြုသောသူများ ဖြစ်ပါလိမ့်မည်။ ထိုသူများသည် ဗျာဒိတ်-၁၇ တွင်ပြောသကဲ့သို့ဖြစ်ပါလိမ့်သည်။ ကျွန်ုပ်တို့ပြောထားခဲ့သည့်အတိုင်း ရောမကက်သလစ်အသင်းတော်သည် ပြည်တန်ဆာမအသွင်ဖြစ်ပါ သည်။ ပရိုတက်စတင့်အသင်းတော်များတို့သည် မိခင်အသင်းတော်ကဲ့ သို့ ပြည်တန်ဆာမကဲ့သို့ဖြစ်ပါသည်။ ထိုအကြောင်းအရာများကို မည်သူမဆို စေ့စေ့ပေါက်ပေါက် သိဘို့ရန်လိုအပ်ပါသည်။ပထမအသင်းတော်နှင့် ဆက် နွယ်လျက်ရှိသောကြောင့် ဖြစ်ပါသည်။ ထိုအရာများ တချို့သည်တိတ်ခွေတွင်သွင်းပြီးသားဖြစ်ပါသည်။ အလိုရှိလျှင် နားထောင်နိုုင်ပါသည်။ သမ်္မာကျမ်းစာ အတွင်းမှလုံးဝမရှိသည့်ခံယူချက် လိုက်နာခြင်းသည် ဘုရား၏ မျက်မြင်၌ ပြည့်တန်ဆာအသွင်ဖြစ်ပါသည်။ ဧဝကျူးလွန်သည့်အတိုင်းဖြစ်ပါ သည်။ဧဝသည်လည်း ဘုရားသခင်၏ပညတ်ချက်ကို နားမထောင်သောကြောင့် ဖြစ်ပါသည်။ခရစ်တော်ကိုသာယုံကြည်၍ လိုက်လျောက်ရမည်ဖြစ်ပါသည်။

95 ၉၅။ ဟုတ်ကဲ့။ယခုကမ္ဘာမတည်မရှိမှီ ဘုရားရှင်၏ နက်နဲသောအကြံအစည် အံ့သြ ဘွယ်ရာများကို ကျွန်ုပ်တွေ့ရှိပြီးသိလာပါသည်။ ထို့ကြောင့် ယခုထိုအကြောင်း အရာကို ထပ်မံဖတ်ကြားကြပါစို့။ အချိန်ရှိကြပါသလား။ (ပရိသတ်များသည်ကောင်းပါ၏ဟု ဖြေကြားပါသည်။) ဧဖက်အခန်းကြီး-၁- အ ကြောင်းအရာကို ဖတ်ကြားကြပါစို့။ ဥပုဒ်စာဖြေသင်ခန်းစာကဲ့သို့ ဤခရစ်တော်၏ထုတ်ဖော်ရှင်း လင်းချက် သုံးထပ်အကြောင်းအရာကို ဖတ်ကြားကြပါစို့။(ပေါလု ဘုရားရှင်အလိုတော်အားဖြင့် ခရစ်တော် ၏သံတမန်ကရင်း)

ယခုစဉ်းစားကြပါစို့။ လောကသို့စာရေးပေးခြင်းမဟုတ်ပါ။ ‘သန့်ရှင်းသူဧဖက်အသင်းတော်၌ ယုံကြည်သူ များထံသို့ ’ ရေးခြင်းဖြစ်ပါသည်။

96 ၉၆။ ယေရှုခရစ်တော်၌သင်မည်ကဲ့သို့နေမည်နည်း။ အသင်းတော် (ဂိုဏ်းဂဏ)၌ နေခဲ့သောကြောင့် လား။ အသင်းသားဖြစ်ခဲ့သောကြောင့်လား။လူထုပရိသတ် ကမဟုတ်ပါဟု ဖြေကြားပါသည်း ဝိညာဉ်တော် တပါး၊ မွေးဖွားရာတနေရာမှ အားလုံးအတူတကွဖြစ်ကြပါသည်။ ၁ကော၁၂တွင် သန့်ရှင်းသောဝိညာဉ် တော်တပါး၌သာ ဗတ်္တိဇံကိုခံကြပါသည်ဟု ပြောကြပါသည်။

ဟုတ်ကဲ့. ထိုအရာသည် ပြောဘို့ရန်ရည်ရွယ်ထားပါသည်။ဤကမ္ဘာတဖက် စွန်းမှရှိသောလိပ်စာ ဖြစ်ပါသည်။ အပြစ်လုပ်မိသော အပြစ်သားများထံ၌ ဤအကြောင်းအရာကိုမပြောနိုုင်ပါ။ အကြောင်းမှာ ဤအကြောင်းအရာကို ထိုသူတို့မသိသောကြောင့် ရှင်ပေါလုသည် အပြစ်သားများ၌ရေးခြင်းမဟုတ် ဘဲ ယေရှုခရစ်တော်ရှိသောသူထံရေးခြင်း ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ အဖဘုရားသခင်နှင့်သခင်ယေရှုခရစ် တော်ထံမှ ကျေးဇူးတော်နှင့်ငြိမ်သက်ခြင်းသည် သင်တို့၌ရှိစေသတည်းဟု ရေးခဲ့ပါသည်။ကောင်းကြီးပေး သူ၊ ဘုရားသခင်နှင့် ကျွန်ုပ်တို့ သခင်ယေရှုခရစ်တော်သခင်သည် သန့်ရှင်းသောဝိညာဉ်တော်ကောင်း ကြီးပေးသူအရှင်ဖြစ်သည်။ မည်သည့်နေရာတွင်လည်း ကောင်းကင် ဘုံမှနေသော ယေရှုခရစ်တော်၌ဖြစ်ပါသည်။

97 ၉၇။ ဟုတ်ကဲ့...ယခုအချိန်ကောင်းရှိပါသည်။ ကျွန်ုပ်တို့၏ ကျမ်းစာမှ ကောင်းကင်ဆိုသည့် အရာသည်အတူတကွစဉ်းစားကြပါစို့။

ကောင်းကင်နေရာဆို သည့်အရာသည် သေချာစွာစဉ်းစားကြပါစို့။ ကမ္ဘာမတည်မရှိမီကိုယ်တော်၌ ကျွန်ုပ်တို့ကိုရွေးခြင်း ဖြစ်ပါသည်။

မည်သည့်အချိန်၌ ကျွန်ုပ်တို့ကိုရွေးချယ်ခဲ့ပါသနည်း။ကမ္ဘာမတည်မရှိမီ ဘုရားသခင်၏ အကြံအ စည်ဖုံးအုပ်လျက် ရှိပါသည်။ သို့သော် ကိုယ်တော်ရှိလျှင်သန့်ရှင်းသောမေတ္တာနှင့် အပြစ်ကင်းစင်ပြီး ကျွန်ုပ်တို့နေနိုင်ဘို့ရန်အတွက် ကမ္ဘာမတည်မရှိမီဘုရားသခင်သည်ခရစ်တော်၌ ကျွန်ုပ်တို့ကို ရွေးပြီးသား ဖြစ်ပါသည်။ သူ၏သားများ ပြန်လည်ဖြစ်ဘို့ရန်အတွက်ကိုယ်တော်ရှင်၏အကြံအစည် အတိုင်း ယေရှုခရစ် တော်၌ စီစဉ်ထားပြီး ဖြစ်ပါသည်။

98 ၉၈။ ဘုရားသခင်သည်အရာခပ်သိမ်းကို ကြိုတင်ရွေးချယ်ထားသည်။ ဆိုသည့်ယုံ ကြည်ချက်၌ နားလည်ဘို့ရန် ခက်ခဲသောအရာတခုရှိပါသည်။ ဤလောက၌ မည်သည့်အရာမတည်မရှိမီ ကိုယ်တော်သည် ရှိနှင့်ပြီး ဖြစ်ပါသည်။ ဧဝသည်နာမခံခြင်းအားဖြင့် အပြစ်၌လဲပြီး သို့သော် သန့်ရှင်းသောသတို့ သမီးအဖြစ်ပြန် ရွေးကောက်မည်ကိုကြိုတင်၍သိထားပါသည်။ ဤအရာသည် သိရှိနားလည်ရန် အလွန်ခက်ခဲပါသည်။ သို့သော် သတို့သမီးများကိုရွေးချယ်ပြီးအပြစ်၌မလဲ သည့်အကြောင်း ဘုရားသခင်၏နှုတ်ကပတ်တော်သည် လူသားများထံ၌အုံသြဘွယ်ဖြစ်ပါသည်။ ထိုနေရာ၌ အမြဲရပ်တည်ဘို့ရန် ဘုရားသခင်သည် ကြိုတင် စီမံထားပါသည်။ ယေရှုခရစ်တော်အားဖြင့်သားအရာကို ရရှိသောသူများသည် ယုံကြည်သူကြီးမားသော အသင်းတော်ဖြစ်၍ အမြဲတည် ရှိပေမည်။

99 ၉၉။ ယခုနက်နဲသောအရာကိုသင်သိပြီလား။ ထိုအရာသည်ဘာလဲ။ ဧဝမှစ၍ နဂို မူလအဖြစ်သို့ ပြန်လည်ရောက်လာဘို့ရန်ဖြစ်သည်။ ထိုသူသည်အသင်းတော် (ဃကမခ)ပုံဆောင်ချက် ဖြစ်ပါသည်။ ထို့ကြောင့် ယခုစဉ်းစားပါ။ဧဝသည် အာဒံ၏အသွေးအသား တည်ဆောက်ထားရာ ဖြစ်သောကြောင့် ဧဝသည်အာဒံ အထဲမှ ဖြစ်ပေါ်လာသည်။ဧဝသည် အမျိုးသမီးအဖြစ် ဖန်ဆင်းထားပါသည်။ အာဒံ၏နံရိုးကိုယူ၍ ဧဝကိုဖန်ဆင်းခဲ့ပါသည်။ ထိုကဲ့သို့ပင်ဘုရားသခင်သည် လူသားများကိုလည်း ခရစ်တော်၌အသွေးအသားအဖြစ် ဖန်ဆင်းထားပါသည်။ ခရစ်တော်သည်နှုတ်ကပတ်တော် ဖြစ်ပါသည်။ သူ၏ ခန္ဓာအားဖြင့်လည်းအ သင်းတော်ကိုလည်း တည်ထောင်ပေးပါသည်။ကိုယ်တော်ခန္ဓာမှ အသွေးတော် အားဖြင့် ရွေးနှုတ်ခြင်းကိုပြုလုပ်ပေးပါသည်။ သဘောပေါက်ပါသလား။(ပရိသတ်ကြီးထံမှ အာမင်ဟုအသံကြားပါသည်။ )

ကမ္ဘာမတည်မရှိမီ ဘုရားသခင်၏နက်နဲသောအရာကိုယခုဖွင့်ပြလျှက်ရှိသည်။ ဖေက်အသင်းသူ/အသင်း သားနှင့် အခြားနေရာများစွာထဲမှ ဘုရားသခင်၏လုပ်ငန်းကို ကျွန်တော်တို့ သဘောပေါက်လာပါသည်။ သင်တို့လည်း များစွာ သဘောပေါက်မယ်လို့ယုံကြည်ပါသည်။ ရှေးကပ်ကာလမှစ၍ ယနေ့ထိတိုင် တဖြည်းဖြည်းနှင့် နက်နဲသောအရာများကို ဖေါ်ပြလျှက်ရှိနေဆဲဖြစ်သည်။ယခု သင်သဘောပေါက်ရဲ့လား?

100 ၁၀၀။ မည်ကဲ့သို့ပြုလုပ်သနည်း? ယခု ဘာတွေဖြစ်နေတာလဲ? သင်တွေးတော မှန်း ဆလို့ ရပါသလား? အာဒံ၏ကိုယ်ခန္ဓာ အစိတ်အပိုင်းကိုယူပြီး ဧဝကိုဖန်ဆင်း ပါသည်။ ထိုကဲ့သို့ သူသည် ''နှုတ်ကပတ်တော်'' ဖြစ်သည့်အတွက် သတို့သမီးလည်း 'နှုတ်ကပတ်တော်' ဖြစ်ဘို့ရန် လိုအပ်ပါသည်။ ဘာသာရေး ခံယူချက်၌ အသက်မရှင်နိုင်သည့်အပြင် ဂိုဏ်းဂဏ၌လည်း အသက်ရှင်လို့မရပါ။ နှုတ်ကပတ်တော်၌သာ အသက်ရှင်နိုင်မည် ဖြစ်သည်။ အကြောင်းမှာ ထိုသူသည် ခရစ်တော်၏ကိုယ်ခန္ဓာအစိတ်အပိုင်း တစ်ခုဖြစ်ကြောင်းသိရသည်။

101 ၁၀၁။ ယခုလူသာ၊ ဝက်စလီနှင့်အခြားပရောဖက်တို့သည် ခရစ်တော်၏ ကိုယ်ခန္ဓာ အစိတ်အပိုင်းများ ဖြစ်သောကြောင့်အေးချမ်းစွာ နေရလိမ့်မည်။ ထိုပုဂ္ဂိုလ် ကြီးများသည်လည်း ခရစ်တော်၏ ခန္ဓာကိုယ်အစိတ်အပိုင်းများမဟုတ်ခဲ့ သော် သူတို့၏အသင်းသား/ အသင်းသူများသည် ထိုသူများကဲ့သို့ပင် ဖြစ်လိမ့် မည်။

ထိုသူများသည် ခရစ်တော်နှင့်ဆက်သွယ်သောအကိုင်းအခက်ဖြစ် သည့်အတွက်ကြောင့် ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်းများ ခံစားရမည် ဖြစ်သည်။ အကြောင်းမှာ ခရစ်တော်သည် သမ္မာတရား ဖြစ်သောကြောင့် ဖြစ် သည်။ အာမင်။

ထို့ကြောင့် ယခု သင်သည် မိမိကိုယ်ကို ဆန်းစစ်ကြည့်ပါ။သင်သည် ဘုရားသခင်ထံမှ ပျောက်ဆုံး သောသူတစ်ဦး ဖြစ်ပါသည်။ လောက၌ သူငယ်ချင်း၊ ဆွေမျိုး၏မေတ္တာကိုခံစားရသည်ဟု ထင်ရသော်လည်း ဘုရားသခင်ထံမှ ပျောက်ဆုံးသောသူ ဖြစ်မြဲဖြစ်သည်။ အကြောင်းမှာသင်၏အထဲ၌ သမ္မာတရား (ခရစ်တော်) မရှိသောကြောင့် ဖြစ်ပါသည်။

102 ၁၀၂။ ထို့အတူယေရှုငါ၌တည်လျှင် ငါ့စကားသည်သင်၌ တည်လိမ့်မည်ဟု ဆိုပါ သည်။ ထို့ကြောင့် ထိုသူများသည်မည်သူဖြစ်မည်နည်းဟု သင်မေးပါလိမ့် မည်နည်း။ ထိုသူသည် နှုတ်ကပတ်တော်ဖြစ်၏။ ထိုသူသည်အံ့သြဘွယ်ဖြစ် ၏။ အုပ်ချုပ်သူလည်း ဖြစ်၏။ သင်ယုံကြည်သူသည် ကိုယ်တော်၌ ချီးနှောင်ခြင်းခံရသူ ဖြစ်လိမ့်မည်။ လောကအရာသည် သင့်အတွက်အဆိပ်ဖြင့် အဘယ်အရာ မျှ သင်သည်ရရှိမည် မဟုတ်ပါ။ လူမြောက်များစွာတို့သည် ထိုအရာများကို ပြုလုပ်၏။ သို့သော် သင်သည် ထိုအရာများကို မပြုလုပ်ပါ။သင်သည် ခရစ် တော်၌ချည်နှောင်၍ ထမ်းဘိုးထမ်းသောသူ ဖြစ်သောကြောင့် ဖြစ်ပါသည်။ ထိုသူကငါ့ထမ်းဘိုးထမ်းလွယ်၏။ ငါ့ထံ၌နည်းခံကြလော့ဟု ဖိတ်ခေါ်ပါ၏။ ထို့ကြောင့် သင်သည်ခရစ်တော်နှင့်နှုတ်ကပတ်တော်၌ ထမ်းဘိုးအတူထမ်း ကြသောကြောင့် ဖြစ်ပါသည်။ ကျွန်ုပ်သည် ထိုသူဖြစ်သည်ကိုမယုံကြည်ခဲ့သော်လည်း ငါ့နှုတ်မှထွက်သောစကားကို ယုံကြည်ပါဟု မှတ်သားကြလော့။

103 ၁၀၃။ လွန်ခဲ့သောအချိန်များစွာကပင်ထိုသူသည်ဤနက်နဲသောအရာကို ပရောဖက်များ အသုံးပြုခြင်း အားဖြင့် ဖွင့်ပြခဲ့ပါသည်။ သို့သော်ယခုတွင် သူကိုယ် တိုင် ဖော်ပြလျက်ရှိပါသည်။

ထိုပုဂ္ဂိုလ်သည် မောရှေအားဖြင့် ဖော်ပြခဲ့ပါသည်။မောရှေသည်လည်း ခလေးငယ်စဉ်ဘဝတွင် ညည်းပမ်းနိုပ် စက်ခြင်းကြားမှ မွေးဖွားခဲ့ပါသည်။ ထိုညှင်းပမ်းနိုပ်စက်ခြင်းများထဲမှခေါ်ထုတ်ဘို့ရန်(သို့)ကယ်နှုတ်ဘို့ရန် မွေး ဖွားခဲ့ပါသည်။ယေရှုခရစ်တော်သည်လည်း အီဂျစ် (အဲဂုတ္တုပြည်) သို့သွေးဆောင် ခြင်းခံရသကဲ့သို့ မောရှေသည်လည်းခြုံကြားတွင် ဖွက်ထားခြင်း ခံရပါသည်။

ထို့အတူကြီးပြင်းလာပြီးဦး ဆောင်သူအဖြစ် (သို့)ခေါင်းဆောင်အဖြစ်သိန တောင်ပေါ်သို့ တက်သွားပါသည်။ သိနတောင်မှ ပညတ်တော်(၁၀)ပါးကိုင်၍ အောက်သို့ဆင်းခဲ့ပါသည်။

ယေရှုခရစ်တော်သည်လည်းတောင်ပေါ်တက်၍ ပထမဦးဆုံးတရားဒေသနာကိုဟောကြားပြီးနောက် တောင်ပေါ်မှပြန်ဆင်းလာပြီး ပညတ်ချက်များကို တပည့်တော်များအား ပေးခဲ့ပါသည်။အချိန်ကာလ လိုက်ပြီး နှုတ်ကပတ်တော် ဟောကြားလေသည်။ သူများသားမယား မပြစ်မှားရ။ တပ်မက်သောစိတ်နှင့်ကြည့်ခြင်းသည် ပြစ်မှားခြင်း ဟုဆိုပါသည်။ ကိုယ်တော်သည် ပညတ်ပေးသော သူ ယဇ်ပရောဟိတ်ဘုရင်နှင့်ခေါင်းဆောင်ပီသသောပုဂ္ဂိုလ် ဖြစ်ပါသည်။

104 ၁၀၄။ ကိုယ်တော်သည်ယောသအသက်တာအားဖြင့်လည်း ထင်ရှားခဲ့ပါသည်။ ယောသသည် မိသားစုအသင်းတော်မှ မွေးဖွားလာခဲ့ပါသည်။သူသည် ဝိညာဉ်တော် ပြည့်ဝသောပုဂ္ဂိုလ်တဦး ဖြစ်သောကြောင့် အကြောင်းမဲ့ သူ့ကို မုန်းကြပါသည်။ဘုရားသခင်သည် သူနှင့်အတူရှိကြောင်း ရူပါရုံအားဖြင့် သိလေသည်။ အိမ်မက်များကိုလည်း အနက်ပြန်နိုင်ခဲ့ပါသည်။ထို့ကြောင့် ညီကိုယ်များသည်သူ့ အား အင်မတန်မုန်းကြပါသည်။ ထို့အပြင် ငွေဒင်္ဂါး(၂၀)ဖြင့်ရောင်းခြင်းခံရပါ သည်။ ယုဒရှကာယုတ်သည်လည်း ညီကိုယ်ဖြစ်သော ယေရှုခရစ်တော်ကို အသ ပြာ(၃၀)ဖြင့်ရောင်းချခဲ့ပါသည်။ ယောသပ်ကိုသေဘို့ရန်တွင်းနက်ထဲ၌ ချခြင်းခံ ရပါသည်။ ထို့အပြင်သူ၏ ညီအကိုများကဖခင်ထံသွား၍ယောသပ်သေကြောင်း ပြောပြပါသည်။ သို့သော် ထိုတွင်းနက်ထံမှ ပြန်လည်အသက်ရှင်လာပါသည်။ ဖာရောဘုရင်လက်အောက်၌အရေးပါသော ပုဂ္ဂိုလ်တဦးဖြစ် လာပါသည်။

မှောင်မိုက်သည့် ထောင်ထဲ၌နေချိန်တွင် ဒုက်ခဆင်းရဲဝေဒနာမည်မျှခံစား ရမည်နည်း။ ထိုအထဲမှပင် လူနှစ်ဦးအား ကယ်တင်ခဲ့ပါသည်။ တဦးမှာ အဲဂုတ္တုတ်ရှင်ဘုရင် ဖာရောဘုရင်ထံ၌ စပျစ်ရည်ဆက်သ သောခေါင်းဆောင် ဖြစ်ပါသည်။ နောက်တဦးမှာ ဖာရောဘုရင်၏မုန့်ဖုတ်ပေးသောသူတဦးဖြစ်ပါသည်။ တဦးမှာ ကယ်တင်ခြင်းခံရ၍နောက်တဦးမှာ ပျက်စီးခဲ့ရသည်။ ထိုကဲ့သို့ပင် ယေရှုခရစ်တော်သည် ကျွန်ုပ်အပြစ်များအတွက် ကားတိုင်ပေါ်တွင် တင်သတ်စဉ်အခါ ဓမြတဦးမှာ အသက်ဆုံးရှုံးခဲ့ရလေသည်။တဦးမှာတော့ ကယ်တင်ခြင်းခံခဲ့ရ သည့်အတိုင်းပင် ဖြစ်ပါသည်။

105 ၁၀၅။ ထို့အတူယောသကိုဖာရောဘုရင်ကခေါင်းဆောင်ခန့်ထား၍ ဖာရောဘုရင် ၏အိမ်မက်များကိုလည်း ရှင်းလင်းစွာ ဖော်ပြပေးသည့်အတွက်အဲဂုတ္တုတ်တပြည်လုံး အာဏာကိုပေးအပ်ခြင်း ခံရပါသည်။ ဖာရောဘုရင်သည် သူ၏အိမ် မက်အား စိတ်ရှုပ်ထွေးသည့်အတွက်ကြောင့်မုတ်ဆိတ် မွေးဖြူလာပြီးဖြစ်သည်။ ထို့အတူယောသအနက် ဖော်ပြခဲ့သည့်အတိုင်း အဲဂုတ္တုတ်ပြည်၌သက်ရောက်လေသည်။

ထို့ကြောင့် အင်္ဂါနေ့ညကဟောပြောခဲ့သည့်အတိုင်းထိုအရာများသည်ယခုပင် ရောက်ရှိလျက် ရှိပါသည်။ ယခုပင် ရောက်ရှိလျက်နေပါသည်။ ဘုရားရှင်နှုတ်ကပတ်တော်ဖြစ်သည့်အတွက် ဧကန်အမှန်ရောက်ရှိပါသည်။

106 ၁၀၆။ ဘုရားရှင်နှုတ်ကပတ်တော်သည်ပရောဖက်အားဖြင့် သိကြရပါသည်။ ဘုရားရှင်၏ပရောဖက် အဓိပ္ပါယ်မှာ ဘုရားရှင်နှုတ်ကပတ်တော်ကိုနှုတ်ကပတ်တော် အတိုင်းဖွင့်ပြသူ ဖြစ်ပါသည်။ နောင်လာမည့် အနာဂတ်ဖြစ်ပျက်လာမည့် အကြောင်းအရာကိုကြိုတင်ဟောပြောလေသည်။ ဖြစ်ပျက်လာမည့် မှန်ကန် သော အကြောင်းအရာကို မမြင်ရသော်လည်း ကြိုတင်၍ဟောကြားနိုင်သူဖြစ်ပါသည်။ဖြစ်ပျက်လာမည့် အကြောင်းကိုလည်း ပရောဖက်မှသာလျှင် ရှင်းပြနိုင်ပါသည်။ ပရောဖက်ပြုသည့်အတိုင်းဖြစ်မလာလျှင် မယုံကြနှင့်။ သို့သော် မှန်ကန်သောအ ကြောင်းအရာဖြစ်ခဲ့လျှင် ဘုရားရှင်၏နှုတ်ကပတ်တော်သည်သူ၌ရှိ၏။ ထို့ကြောင့် ထိုပရောဖက်ကို ကြောက်ရွံ့ကြလော့။ သို့မှသာလျှင် ပရောဖက်စစ် ကြောင်းကိုသေချာစွာသိပါလိမ့်မည်။

ဘုရားသခင်သည် လူသားများပေါ်၌တဦးတယောက်အားအသုံးပြုခြင်း ဖြင့်စကားပြောပါသည်။ ဘုရားသခင် တပါးတည်းသာလျှင် လူကိုအသုံးပြု၍ စကားပြောပါသည်။ ‘’ ငါသည်စပျစ်နွယ်ပင်ဖြစ်၏။သင်တို့သည်အခက်များ ဖြစ်ကြ၏ဟု ဆိုပါသည်။ ‘’စပျစ်ပင်သည်အသီးမရခြင်းအကြောင်းမှာ အပင် နှင့်ကွဲသောကြောင့် ဖြစ်ပါသည်။ ဤအရာကို မှတ်သားထားလော့။

107 ၁၀၇။ ယခုယောသအားဦးစွာတွေ့ပြီးမှသာလျှင် ဖာရောဘုရင်ကိုတွေ့နိုင်ကြောင်း ကျွန်ုပ်တို့ သိကြပါသည်။ ထိုနည်းတူသားတော်အားဖြင့်သာလျှင် ခမည်းတော် ကိုတွေ့နိုင်မည် ဖြစ်သည်။ ထို့ကြောင့် ယောသသည် သူ၏ပလ်လ္လင်မှထွက်လာသည့်အခါ တံပိုးမှုတ်ကြပါသည်။ လူထုပရိသတ်တို့လည်း ဒူးထောက် ခေါင်းငုံ့လျက် နုတ်ဆက်ကြပါသည်။နုတ်ဆက်ခံပြီးမှ အပြင်သို့ ထွက်လာပါသည်။

ထို့အတူ ယေရှုခရစ်တော်သည် ခမည်းတော်၏ ပလ်လ္လင်ကိုစွန့်လွတ်ပြီးလာသည့် အချိန်သည် အလွန်ကြီး မြတ်လိမ့်မည် ဖြစ်သည်။ ကိုယ်တော်ရှင်၏ရှေ့မှောက်တွင် လူတိုင်းဒူးထောက်၍မိမိကျင့်ဆောင်သမျှ အတိုင်း ဖော်ပြမည်ဖြစ်သည်။ ထိုပုဂ္ဂိုလ်သည် ဘုရားသခင်၏သားဖြစ်ကြောင်းလူတိုင်းသက်သေ တည်ပါလိမ့် မည်။ သင်လည်း ထိုသက်သေတွင် ပါဝင်လိုပါသလား။ နောက်မကျမှီ ယခုအချိန်တွင် ပါဝင်ဘို့ဖိတ်ခေါ်ပါသည်။

108 ၁၀၈။ ယခုကျွန်ုပ်ပြောသည့်အတိုင်းကျွန်ုပ်တို့မှတ်သားပါပြီ။ ဒါဝိတ်ဘုရင်ကိုလည်း ကြည့်ကြပါစို့။ သရဖူဆောင်းဘို့ရန်အတွက်မိမိလူတို့ကမလိုဘဲ ငြင်းပယ်ကြ ပါသည်။ ထို့ကြောင့်ခရစ်တော်သည် သံလွင်တောင်ပေါ်သို့ ဝမ်းနည်းကြေကွဲပြီးထွက်သွားလေသည်။ ငို၍ရသောအကြောင်းမှာ သူ၍၌ခရစ်တော်ဝိညာဉ် ရှိသောကြောင့် ဖြစ်ပါသည်။ ယေရုဆလင်မြို့ကိုအောက်မေ့ပြီး ဝမ်းနည်းစွာဖြင့် ငို ကြွေးခဲ့ပါသည်။ ယေရုဆလင်ငါ့မေ့ခဲ့လျှင်…ဟုဆိုခဲ့ပါသည်။ လွန်ခဲ့သော နှစ်(၈၀၀)ခန့်တွင် သူတို့မကြိုက်မနှစ်သက်သော သားတော်သည်ယေရုဆ လင်မြို့မှ သင်မနှစ်သက်သောဘုရင်တပါး ရောက်လာမည်။ ထို့ကြောင့် ယေရု

ဆလင်မြို့မှသင်မနှစ်သက်သောဘုရင်တပါး ရောက်လာမည်။ ထိုကြောင့်ယေရု ဆလင်မြို့ကို ငိုကြွေးကြလော့ဟုဆိုသောနေ့ရက်သည် ရောက်လာပါသည်။ မှန်ကန်ပါ၏။

109 ၁၀၉။ အထက်ပါအကြောင်းအရာ အားလုံးတို့သည် ကိုယ်တော်ကြွလာမည့် အရိပ် အရောင် ဖြစ်ပါသည်။ သို့သော် အံ့သြဘွယ်သောနှုတ်တော်ထွက်များမှာ လူ အားလုံးတို့ နားမလည်အောင် ဝှက်ထားလျက်ရှိမြဲ ဖြစ်သည်။ ထို့ကြောင့်လူများ သည် နားမလည်ကြသော်လည်း ဝိညာဉ်တော်လမ်းပြခြင်းအားဖြင့် နားလည်နိုင် ပါသည်။ ယခုနောက်ဆုံးသောကာလ၏ဖွင့်ပြချက် နောက်ဆုံးသောကာလ၌ ဘုရားသခင်၏ ဖွင့်ပြချက်များကို စဉ်းစားကြပါစို့။ဘုရားသခင်ကိုယ်တိုင်ပင် မောရှေ၊ ဒါဝိတ်၊ ယောသ၊ ဇလိယနှင့် သင်ကိုယ်တိုင်ထံ၌ ဘုရားသခင်၏နက်နဲသောအရာ ဖွင့်ပြချက်များကို ခရစ်တော်အတွက် အသက်တာကို ဆက်ကပ်နိုင် ကြပါသည်။ ထို့ကြောင့်ယေရှုခရစ်တော်ကို ရှင်းလင်းစွာဖြင့် ပုံရိပ်ဆောင်ခဲ့ပါ သည်။ သို့သော် သူ၏နက်နဲသော နှုတ်တော်ထွက်စကားများကိုအားလုံးနား လည်ဘို့ရန်အတွက် သည်းခံ၍စောင့်မျှော် ကြပါစို့။ ကိုယ်တော်ရှင် ကိုယ်တိုင်ဂတိပေးသည့်အတိုင်း ကျွန်ုပ်ပေါ်၌ သက်ရောက်လာပါလိမ့်မည်။

အကြောင်းမှာ အံ့သြဘွယ်အားဖြင့် ကျမ်းစာ၌တွေ့ရပါသည်။ထို့ကြောင့် ယေရှု ခရစ်တော်ကိုယ်တိုင် ကျေးဇူးတော်ချီးမွမ်းပါသည်။

110 ၁၁၀။ ယခု၌ပင်လည်းကျွန်ုပ်တို့၏ဘုရင်သည် အံ့သြဘွယ် ကျွန်ုပ်တို့ထဲ၌ပြန်လာပါလိမ့် မည်။ ထိုသူသည် မည်ကဲ့သို့လာမည်နည်း။ မည်သည့်အချိန်လာမည်ကို ကျွန်ုပ်တို့ မသိကြပါ။ သို့သော် ပြန်လာမည်ဖြစ် ကြောင်း သေချာလျက်ရှိပါသည်။ထို့ကြောင့် ကျွန်ုပ်တို့အားလုံးသည်လည်း ဘုရားသခင်၏ ဗျာဒိတ်ပေး ချက်များကို စောင့်မျှော်လင့်လျက်ရှိပါသည်။ အချိန်ကာလစေ့သည့်အခါတွင် သူ၏လုပ် ငန်းများကို ဖော်ပြလျက် ရှိပါသည်။ (သို့)ကျွန်ုပ်တို့မြင် တွေ့စေပါသည်။အို..ကိုယ်တော်ရှင်၏အံ့သြဘွယ်သော ဗျာဒိတ်တော်ကို အလျင်အမြန် ဖွင့်ပြမည် မဟုတ်ပါလော။

ထိုအရာသည် ဤကဲ့သို့ဖြစ်ပါသည်။ တံဆိပ်(၇)ခုနှင့်နှိုင်းယှဉ်ထားပါသည်။ အသင်းတော် အချိန်အခါ၌ ဘုရားသခင်သည်မာတင်လုသာကို အသုံးပြုခဲ့ပါသည်။ထို့နောက် ဂျွန်ဝပ်စလီကိုလည်း အားနည်းသော ဝိညာဉ်များနိုးထဘို့နှင့် ဦးဆောင်ဘို့ရန်အတွက်အံ့သြဘွယ်အသုံးပြုခဲ့ပါသည်။ ထိုပုဂ္ဂိုလ်များကို ဘုရားသခင်၏နှုတ်ကပတ်တော် ဖွင့်ပြဘို့ရန်အတွက်အသုံးပြုခဲ့သည့် အ ကြောင်းအရာကို ကျမ်းစာအား လေ့လာသည့်အခါတွင် ကျွန်ုပ်တို့သိနိုင်ပါသည်။ထိုအချိန်ခါတွင် ထိုအရာများသည် အံ့သြဘွယ် ကောင်းသောအရာများ ဖြစ်ကြပါသည်။ မိုးချုန်းသံ(၇)ခုကိုအသုံးပြုပြီးဝေငှ ပြောခဲ့ပါသည်။ ထို့ကြောင့် ဆက်လက်၍ လေ့လာကြပါစို့။

111 ၁၁၁ ။ အသက်၏အစမဂ္ဂဇင်းတွင်မိုးတိမ်ဖုံးလွှမ်းလျက်ရှိသော အလင်းလုံးအိမ် ကြီးတစ်ခုရှိသည်။ ထိုအရာ၏အဓိပ္ပါယ်ကိုနားမလည်ကြပါ။ ယခုလည်း နားမ လည်ကြသေးပါဆိုသည့် အကြောင်းအရာ ဖတ်မိပါသည်။ သို့သော် ဤအကြောင်း၏အဓိပ္ပါယ်မှာ ‘သွားလော့ ဘုရားရှင်၏အံ့သြဘွယ်နက်နဲသော အရာများကို ဖော်ထုတ်ဘို့စောင့်ကြလော့’ ဟုဆိုထားပါသည်။ ဘုရားသခင်သည် ငါတကယ်ပင်ပြုလုပ်မည်ဟု ဂတိပေးသည့်အတိုင်းပြီးခဲ့သည့်လတွင် ကျွန်ုပ်တို့ မြင်တွေ့ ကြပါသည်။ ဤအရာကို သင်မှတ်သားထားပါသလား။ ကောင်းကင်တမန်များ ကိုယ်တိုင်ပင် ဤလောကသို့ ဆင်းသက်ပြီးဤလောကရှိအရာများကို တပ်မက်ကြောင်း ကျွန်ုပ်တို့သိကြပါသည်။ ထိုအရာများ မဖြစ်လာမှီ ထိုပုဂ္ဂိုလ် သည် ယုံကြည်သူများကို သိမ်းဆည်းဘို့ရန်နှင့်မယုံကြည်သူများပျက်စီးဘို့ ကျရောက်လာမည်ကို ကျွန်ုပ်သိကြပါသည်။

112 ၁၁၂။ ရှင်လုသာကသူ၏အချိန်အခါတွင် ကျေးဇူးတော်အကြောင်းကိုသာလျှင်ဟော ပြောသက်သေခံခဲ့ သည်။ မည်သည့်အချိန်မှစ၍ရောက်လာသည်ကို မသိကြ ပါ။ ဂျွန်ဝပ်စလီလည်း ထိုအကြောင်းအရာကို အသုံးပြုခဲ့ပါသည်။ ထိုအချိန်မှစ၍ ပျက်စီးခြင်း၊ ပျံ့နှံ့ခြင်း စနိုင်ခဲ့ပါသည်။ အသင်းတော် ဂိုဏ်းဂဏအမျိုးမျိုး ပေါ်ပေါက်လာသည်။ထို့ကြောင့် ပင်တေကုတေ်အသင်းတော် စတင်ပေါ်ပေါက်ခဲ့ပါသည်။ သူတို့အားလုံး သည် သေခြင်းလမ်းသို့လိုက်သွားကြပါသည်။ထိုသေခြင်းလမ်းကို အတူတကွ စဉ်းစားကြပါစို့။

ထို့ကြောင့် ဤနက်နဲခက်ခဲသောအရာ အံ့သြဘွယ်သောအရာကိုဦးစွာဖွင့်ပြ ကြပါစို့။ လူသာရင်က အသင်း တော်ခံယူချက်နှင့် အမေးအဖြေနှင့်လေ့လာသည့် စာအုပ်ကိုထုတ်လုပ်နိုင်ခဲ့၍ ဂျွန်ဝပ်စလီသည်လည်း အခြားသောစာ အုပ်အမျိုးမျိုးနှင့် ပင်တေကုတေ်အသင်းတော်အားလည်းစိတ်နိုးထစေမည့် အခြားသော နည်း အမျိုးမျိုးတို့ကိုလည်း ထုတ်ဝေခဲ့ပါသည်။ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော် ၏နာမ၌ ဗတ္တိဇံကိုခံသောအကြောင်းအရာ များလည်း ပါဝင်ပါသည်။ထို့ကြောင့် ယခုဤနောက်ဆုံးသော ကာလအချိန်တွင် ဘုရားသခင်၏ဖွင့်ပြသည့် အတွက်ကြောင့် ပြန်လည်ဆက်ကပ်ဘို့ရန်ဘိတ်ခေါ်ပါသည်။ ဘုရားရှင်၏နှလုံးထဲမှ နက်နဲသောအရာကို ယခုဖွင့်ပြလျက်ရှိပါသည်။

113 ၁၁၃။ ယခုသင်တို့သဘောပေါက်ရဲ့လား။ လူထုပရိသတ်ကြီးက အာမင်ဟုဆိုပါ သည်။ သင်တို့ သဘောမပေါက်ခဲ့သော ဤအသံသွင်းထားသောတိတ်ခွေကို ကြည့်ပါ။ သင်တို့၌ ကျွန်ုပ်အဘယ်အချိန်အထိ နေရမည်ကို မသိပါ။ ဤအရာသည် မှန်ကန်သော သမ်ာတရား ဖြစ်ပါသည်။ ကိုယ်တော်ရှင်ပြောသော မှန်သောတရား ကိုကျမ်းစာမှ သိရှိရပါသည်။

နောက်ဆုံးသောနိမိတ်လက္ခဏာ နက်နဲသောအရာကိုဖွင့်ပြသကဲ့သို့ဖြစ်ပါ သည်။ ထိုပုဂ္ဂိုလ်များကို မြောက်များသောအရာများကို ပျက်စီး၍အချို့လည်း ပျံ့လွင့်ကြကုန်၏။ ဘုရားရှင် မနှစ်သက်သောအရာ ဖြစ်ပါသည်။ သူတို့၏ မိုက်မဲသောအကျင့်နှင့်သွန်သင်သောအချက်များ ဖွင့်ပြမည့်အချိန် ရောက်လာ ပါလိမ့်မည်။ ဘုရားသခင်၏နက်နဲသော နှုတ်ကပတ်တော်ယေရှုခရစ်တော်အားဖြင့် ဖွင့်ပြခဲ့ရာတွင် ဘုရားရှင်အကြံအစည်(သုံး)ဆင့်ကို အသင်းတော် မှတဆင့်သိစေအပ်ပါသည်။ ဟုတ်ကဲ့... ဘုရားသခင်သည် ဆက် လက်၍ ဖွင့်ပြပါလေစေ။

114 ၁၁၄။ ဝတ်စတားကသန့်ရှင်းသောသစ္စာတရားကို နေ့တိုင်းသိ စေနိုင်ပါစေဟု ဆိုခဲ့ပါသည်။ ထိုပြောပြဖွင့်ဆိုချက်ကိုအသင်းတော် (သို့) ယေရှုခရစ် တော်ကို သိဘို့ရန်အတွက် ဖွင့်ပြချက်ဖြစ်ကြောင်း သိဘို့ရန်ဖြစ်ပါသည်။

ညီအစ်ကို ဘရမ်ဟမ်ကလည်း ဤကဲ့သို့ ပြောသော်လည်းကျွန်ုပ်တို့ကတော့မ ပြောနိုင်ပါဟု ပြန်ဖြေမည်ဟု ပြောပါသည်။

ယခုမှတ်သားထားကြပါ။ ပေတရု၌လည်း ကိုယ်တော်ဖွင့်ပြခဲ့ပါသည်။ယခု မှတ်သားလိုပါက ဖတ်ကြား ကြပါစို့။ (ရှင်မသဲ၁၆း၁၅-၁၇)ပါ အကြောင်းအရာ တွင်ပါရှိသောအဖြစ်အပျက်ကိုလေ့လာကြပါစို့။ ကိုယ်တော်ရှောင်ခြည်အားဖြင့် ပြောင်းလဲသော တောင်ပေါ်မှဆင့်၍ဤကဲ့သို့ မိန့်ဆိုထားပါသည်။ ထိုနောက် လူသားဖြစ်ကြောင်း မည်သူပြောနိုင်သနည်းဟု ဆိုပါသည်။

